# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်( ၀၇၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့် အချက်ဖြစ် စီးပွားရေးအားကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်

### နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၃

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။


**ယနေ့ ဖတ်စရာ**

**သဘာဝဘေးဒဏ်များကို တွန်းလှန်၍ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး** — ဆောင်းပါး — စာ ၆

**ရောင်းချရန်ပဋိညာဉ် သို့မဟုတ် စရန်ပေးစာချုပ်ကို အကြောင်းပြု၍ ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု သို့မဟုတ် စရန်နှစ်ဆရလိုမှု သို့မဟုတ် နစ်နာကြေးရလိုမှု** — ဆောင်းပါး — စာ ၁၀

**လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီ၌ ၁၄ နှစ်ကြာ ပိတ်ထားသော အမျိုးသားပြတိုက် ပြန်လည်ဖွင့်လှစ်** — နိုင်ငံတကာသတင်း — စာ ၁၇



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင်အကြမ်းဖက်ခြင်းများ အတိုင်းအတာတစ်ခုအထိ ဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၌ ပိုမိုများပြားခဲ့ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့်ကာလလည်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများကို လျော့ပါးသွားခဲ့ကြောင်း၊ ထိုကဲ့သို့ ဆူပူအကြမ်းဖက်မှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှုများနှင့်ကြုံတွေ့နေရသည့်အချိန်တွင် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်မှုမရှိဘဲ ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်မှုများကြောင့် အခက်အခဲ၊ အကျပ်အတည်းများနှင့်လည်း ရင်ဆိုင်ခဲ့ကြရကြောင်း၊ ထို့နောက် ၂၀၂၃ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများလျော့ပါးလာခဲ့ပြီး ဆူပူအကြမ်းဖက်မှုများသည်လည်း လျော့ပါးသွားခဲ့ကြောင်း၊ သို့သော် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးသွားနိုင်ရန် တပ်မတော်မှ အရာရှိကြီးများအား တာဝန်ခွဲဝေပေးအပ်ခဲ့ပြီး ၆ လ အတွင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးသဘောထားကွဲပြားမှုများနှင့် နိုင်ငံရေးလှုံ့ဆော်သွေးထိုးမှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး EAO များမှလည်း အကြမ်းဖက်သင်တန်းများ သင်ကြားပေးခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့် ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းရန် မကြိုးစားဘဲ အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန် လုပ်ဆောင်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလ

**❖ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်၊ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်**

သမိုင်းကြောင်းနှင့် လွတ်လပ်ရေးရရှိပြီးချိန်တွင် တပ်မတော်မှ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး ဆောင်ရွက်ခဲ့ရသည့် သမိုင်းကြောင်းများရှိပြီးဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် တပ်မတော်၏သမိုင်းကြောင်းကို သိရှိနိုင်ရန်အတွက် သမိုင်းဖြစ်ရပ်မှန်များကို ဖတ်ရှုလေ့လာကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းများကို မှန်မှန်ကန်ကန်သိရှိမည်ဆိုပါက တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နေရမှု အခြေအနေများကိုလည်း သိရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လွတ်လပ်ရေးရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ၏အချုပ်အခြာအာဏာ ထိခိုက်လာမှုအပေါ် တပ်မတော်မှ ကျားကုတ်ကျားခဲကြိုးပမ်းကာကွယ်ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်၊ နိုင်ငံရေးခေတ်စနစ်မျိုးစုံတွင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အစဉ်တစိုက် အလေးထားဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်စနစ်ကိုကျင့်သုံးခဲ့ပြီး ၎င်းနောက်တွင် ဆိုရှယ်လစ်စနစ်ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် ကောင်းမွန်သည့်အချက်များရှိသကဲ့သို့ အားနည်းချက်များလည်းရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရာတွင် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ဖော်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်ဗဟိုဦးစီးစနစ်ကို ကျင့်သုံးရာတွင် နိုင်ငံရေးအရ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့၍ နိုင်ငံရေးထွက်ပေါက်ပိတ်သွားသူများ၏ မကျေနပ်မှု၊ စီမံကိန်းစီးပွားရေးစနစ်ကြောင့် စီးပွားရေးအရထွက်ပေါက်ပိတ်ဆို့သွားသူများ၏ မကျေနပ်မှု၊ အုပ်ချုပ်ရေးကဏ္ဍများ၌ ပါတီဝင်များကိုသာဦးစားပေးမှုများကြောင့် မကျေနပ်မှုများရှိခဲ့ကြောင်း၊ ၎င်းအပြင် စီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံ့စီးပွားရေး ထိခိုက်လာခဲ့ရကြောင်း၊ စနစ်၏အားနည်းချက်ဆိုသည်ထက် လက်တွေ့အကောင်အထည်ဖော်မှု အားနည်းချက်ကြောင့်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးပြီး အောင်မြင်နေသည့် နိုင်ငံများလည်းရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့် အချက်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရ ပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ်ဖြစ်ပေါ်လာခြင်း၊ သယံဇာတများ တရားမဝင်ထုတ်ယူရောင်းစားခံရခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းလာပြီး ၁၉၈၈ ခုနှစ်အရေးအခင်းဖြစ်ပေါ်လာစေခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်လာခဲ့သဖြင့် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို မလွှဲသာမရှောင်သာဖြင့်ယူခဲ့ရကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေးစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရပထမသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်အသားကျနိုင်ရေး လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အစိုးရနှင့် လက်တွဲညီစွာဆောင်ရွက်ခဲ့ကြောင်း။

သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီပထမအစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီစနစ်နှင့် အသားကျမှုမရှိခြင်း၊ အဖွဲ့အစည်းအသီးသီး၏ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အတိတ်ကာလကဖြစ်ရပ်များအပေါ် သွေးထိုးလှုံ့ဆော်ခြင်းများလည်းရှိခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်ကျင့်သုံးခဲ့စဉ်ကာလ၌ ဖြစ်ပေါ်ခဲ့သည့် မကျေနပ်ချက်များကို ဒီမိုကရေစီစနစ်ကျင့်သုံးချိန်တွင် အတိတ်၊ ပစ္စုပ္ပန်ရောထွေး၍ အတိုက်အခံပြုလုပ်ခြင်းများဖြစ်ပေါ်စေခဲ့သည်ဟု သင်ခန်းစာဖော်ထုတ်ရရှိခဲ့ကြောင်း။

ထို့နောက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ပြီး ဒီမိုကရေစီဒုတိယအစိုးရအဖြစ် နိုင်ငံတော်၏တာဝန်များကိုဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တာဝန်ယူဆောင်ရွက်ချိန်တွင် ၎င်းတို့အပေါ် ပြည်သူလူထုမှ များစွာ မျှော်လင့်ထားခဲ့သော်လည်း စီမံခန့်ခွဲမှုအတွေ့အကြုံအားနည်းမှုများ၊ ယခင်အစိုးရ၏ လုပ်ဆောင်မှုများကို အတိုက်အခံဆောင်ရွက်မှုများကြောင့် စီးပွားရေးအရ အားနည်းချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ စတင်တာဝန်ယူစဉ် နှစ်နှစ်အတွင်း ပြည်ပအကူအညီများ များစွာရရှိခဲ့ပြီး နိုင်ငံ့စီးပွားရေးအားကောင်းခဲ့သော်လည်း နောက်ပိုင်းတွင် စီမံခန့်ခွဲမှုအားနည်းခြင်း၊ ပြည်ပနိုင်ငံများမှ အထောက်အပံ့များဖြင့်သာ စီးပွားရေးလည်ပတ်လျက်ရှိပြီး ပြည်တွင်းစီးပွားရေးအားပေးမှုမရှိခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများမရှိခြင်း၊ နိုင်ငံ၏ပကတိအခြေအနေနှင့် မကိုက်ညီသည့် နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်များအတိုင်း ဩဇာခံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်မှုအားနည်းချက်များ၊ စီမံခန့်ခွဲမှု အားနည်းချက်များကြောင့် ပြည်သူလူထုမှလည်း ၎င်းတို့အပေါ် အယုံအကြည်အားနည်းလာသဖြင့် ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်ရန် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ပြီး ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ချိန်တွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

ထိုကဲ့သို့ မဲစာရင်းကွဲလွဲမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့မှုအပေါ် တပ်မတော်အနေဖြင့် တာဝန်ရှိသူများမှ စိစစ်အရေးယူဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ထံသို့ အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင်

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အစမ္ပရယူရန်ဆောင်ရွက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နယ်မြေချဲ့အမြတ်ထုတ်လိုမှုများ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှု စသည့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုများ၊ ထိခိုက်ဆုံးရှုံးမှုအများအပြားဖြစ်ပေါ်စေခဲ့သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုများ စသည့် အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

**လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပပေးနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည့်ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီရက်သတ္တပတ်ကာလအတွင်း လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့်ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထက်တိုင် ခိုင်မာစွာတည်ရှိနေသည့် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဥပဒေနှင့် ပတ်သက်၍ အသိပညာရှိသူများကိုရွေးချယ်၍ ဆန္ဒမဲများ ပေးနိုင်ရန်လိုကြောင်း၊ တပ်မတော်သည် နိုင်ငံတော်နှင့်အမျိုးသားရေးကိုသစ္စာရှိစွာဖြင့်ခေတ်အဆက်ဆက် ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ လွှတ်တော်ဆိုသည်မှာ ဥပဒေပြုရေးကို ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတော်ကိုအုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး စသည့် မဏ္ဍိုင်ကြီးသုံးခုအပြန်အလှန်ထိန်းကျောင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကိုထိခိုက်စေနိုင်သည့် ဥပဒေများကို ဥပဒေနှင့်အညီ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းများကိုလည်း ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေပညာရပ်များကို သိရှိနေရန်လိုကြောင်း၊ သို့ဖြစ်၍ နိုင်ငံ၏ဥပဒေပြုရေးဖြစ်သည့် လွှတ်တော်တွင်ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအနေဖြင့် ထိုက်သင့်သည့် အတန်းပညာရှိရန်လိုကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအနေဖြင့်အနည်းဆုံးအဆင့် တက္ကသိုလ်ဝင်တန်းတက်ရောက်ပြီးဆုံးသူများဖြစ်ရန် သတ်မှတ်ထားရှိခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် ဥပဒေကို မဖြစ်မနေသိရှိနေရန်လိုကြောင်း၊ KG + 12 တက်ရောက်ပြီးသူများအနေဖြင့် အခြေခံပညာအဆင့်သင်ကြားပြီးချိန်တွင် အနည်းဆုံးအသက် ၁၈ နှစ်ပြည့်သူများဖြစ်လာမည်ဖြစ်သဖြင့် ဆန္ဒမဲပေးနိုင်သည့် အသက်အရွယ်များဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေအသိပညာများသိရှိစေရေး မိမိတို့အနေဖြင့် KG+12 တက်ရောက်နေသည့်ကျောင်းသား၊ ကျောင်းသူများအား ဥပဒေအသိပညာများကို သင်ကြားပေးနေခြင်းဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အစိုးရတာဝန်ထမ်းဆောင်ချိန်တွင် စီးပွားရေးအရ ပိတ်ဆို့မှုများရှိခဲ့ပြီး ပြည်ပထောက်ပံ့မှုများ များစွာလျော့နည်းသွားခဲ့ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့ပေးဆပ်ရန်ကျန်ရှိနေသည့် ကြွေးမြီများအား ပြန်လည်ပေးဆပ်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးမြှင့်၍ ပြည်ပသို့ ပို့ကုန်များတင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် အခြေခံစာရင်းဇယားအချက်အလက်များ မှန်ကန်မှုရှိရန်လိုကြောင်း၊ ခေတ်အဆက်ဆက်တွင် အချက်အလက်များ မှန်ကန်စွာရရှိမှုမရှိခြင်းကြောင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်စေခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပသို့ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့်ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပြီး လူတစ်ဦးချင်းစီအလိုက် ကျရာအခန်းကဏ္ဍတွင် အမှန်တကယ်အလုပ်လုပ်ကြရန်လိုကြောင်း။

**တပ်မတော်သားများ၏ သက်သာချောင်ချိရေးနှင့် စွမ်းရည်၊ စွမ်းအား ပြည့်ဝကောင်းမွန်စေရေး**

တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် တတ်နိုင်သရွေ့ ခံစားခွင့်များ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်တွင် စစ်သည်အဆင့်အတန်းအားလုံး၏ နေရေး၊ စားရေး၊ ဝတ်ရေးတို့အပါအဝင် ရသင့်ရထိုက်သည့် ခံစားခွင့်များအားလုံး ရရှိစေရေး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့် အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့ဘဝတိုးတက်ရေးအတွက် ငွေကြေးသုံးစွဲမှုများ မျှတမှုရှိစေရေး ဆောင်ရွက်ရန်၊ ကြိုးစားအားထုတ်မှုများ အမြဲမပြတ်ဆောင်ရွက်ရန်လိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် ခိုင်မာသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် အမြဲတိုက်ပွဲဝင်အသင့် (Fit for Fight) ဖြစ်နေရန်လိုကြောင်း၊ တစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်၊ ကျွမ်းကျင်မှုရှိရန်လိုသဖြင့် နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်နေရန် လိုကြောင်း၊ တပ်မတော်သားများအားလုံးကို သက်ဆိုင်ရာအဆင့်အလိုက် တတ်သင့်တတ်ထိုက်သည့် စစ်ပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါသင်ကြားပေးထားသည့် စစ်အတတ်ပညာများကို မှန်မှန်ကန်ကန်ဖြင့် အသုံးချသွားရန်လိုကြောင်း၊ မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာဖြင့် ကိုင်တွယ်အသုံးချနိုင်ရန်လိုကြောင်း၊ နေထိုင်စားသောက်မှုများအားလုံးတွင်လည်း အသိ၊ သတိဖြင့် နေထိုင်ကြရန်လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်အနေဖြင့် တိုက်စွမ်းအားနှင့်တိုက်စွမ်းရည်များ ကောင်းမွန်ပြည့်ဝရန်နေရန်လိုကြောင်း၊ တိုက်စွမ်းအားပြည့်ဝနေရန်အတွက် နိုင်ငံတော်အနေဖြင့်လိုအပ်သည့် လက်နက်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တပ်မတော်ရေယာဉ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုက်စွမ်းအား ပြည့်ဝနေစေရေးအတွက် တပ်မတော်သားတစ်ဦးချင်း၏ စွမ်းရည်များ တိုးတက်ကောင်းမွန်အောင် အမြဲမပြတ် ဆောင်ရွက်နေကြရန်လိုကြောင်း။

စာမျက်နှာ ၅ သို့



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို တိုင်းမှူးထံ ပေးအပ်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို တိုင်းမှူး၏ဇနီးထံ ပေးအပ်စဉ်။

❖ **နိုင်ငံတော်အနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းများ များစွာရှိနေပြီး မိမိတို့အနေဖြင့် ပထမစာမျက်နှာကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်**

❖ **ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် နိုင်ငံတော်၏ ဒုတိယစာမျက်နှာအစကို ကောင်းမွန်စွာဆောင်ရွက်ပြီး အနာဂတ်တွင် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်ရေး အားလုံး၏ဝိုင်းဝန်းပါဝင်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၁၄ ရက်
သာ လိုတော့သည်။

*စာမျက်နှာ ၄ မှ*

**ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ဖော်ဆောင်ရေး**

မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း လုပ်ငန်းတာဝန်အရပ်ရပ်ကို အခက်အခဲပေါင်းစုံကြားမှ ရင်ဆိုင်ကျော်လွှားခဲ့ပြီး မကြာမီကာလအတွင်း အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းများ များစွာရှိနေပြီး မိမိတို့အနေဖြင့် ပထမစာမျက်နှာကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် နိုင်ငံတော်၏ ဒုတိယစာမျက်နှာအစကို ကောင်းမွန်စွာ ဆောင်ရွက်ပြီး အနာဂတ်တွင် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်ရေး အားလုံး၏ ဝိုင်းဝန်းပါဝင်မှုဖြင့် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လည်းကောင်း လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများအား ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၃

**မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ၁၃၈၇ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများအား လှူဒါန်းသည်။**



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်များနှင့် စာရေးဆရာ ဆရာမကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းသည့် ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အင်္ကျီ၊ ပုဆိုး၊ လက်ဆွဲအိတ်၊ ခြုံပဝါနှင့် ပါတိတ်လုံချည်တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လက်ခံရယူသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ နှင့် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၂၈၈ သိန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ငွေကျပ် ၁၅ သိန်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က လှူဒါန်းသည့် ငွေကျပ် ၁၅ သိန်းတို့ကို တာဝန်ရှိသူများကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းသည့် ငွေကျပ် ၁၄၅၄၂၈၀၀ တန်ဖိုးရှိ အင်္ကျီ၊ ပုဆိုး၊ လက်ဆွဲအိတ်၊ ခြုံပဝါနှင့် ပါတိတ်လုံချည်များကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပေးအပ်လှူဒါန်းစဉ်။



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မုဒိတာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာရေးဆရာ အသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးက အလှူရှင်များစာရင်းကို ဖတ်ကြားသည်။

ထို့နောက် ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီး ၂၈၈ ဦးအား တက်ရောက်လာကြသူများက လက်အုပ်ချီမိုး ကန်တော့ကြပြီး **(အပေါ်ပုံ)** ကန်တော့ခံပစ္စည်းများ၊ ဂါရဝပြု ဂုဏ်ပြုငွေများ ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ကြီးများကိုယ်စား စာရေးဆရာကြီး လယ်တွင်းသားစောချစ်က သြဝါဒစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားသို့ တက်ရောက်လာသည့် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး ဂါရဝပြု နှုတ်ဆက်ခဲ့ကြသည်။

သတင်းစဉ်

# သဘာဝဘေးဒဏ်များကို တွန်းလှန်၍ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ စတင်တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစ၍ ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် ခန့်အပ်တာဝန်ပေးခြင်း ခံခဲ့ရရာ စိုက်မွေးဆည်သက် ငါးနှစ်ပြည့်ပါတော့မည်။**

မောင်အောင်

- ❖ **ကျွန်တော်တို့အစိုးရ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ) တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလတွင် သဘာဝဘေးများသည် ကျွန်တော်တို့ အစိုးရနှင့်ပြည်သူကို အမျိုးမျိုးစမ်းသပ်သည်။ အားစမ်းပါသည်။ သို့သော် ကျွန်တော်တို့ အစိုးရသည် အခက်အခဲမျိုးစုံကို ကျော်ဖြတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားမာန်မလျှော့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ပြည်သူကလည်း ညီညွတ်စွာ ပူးပေါင်းပါဝင်ခဲ့**
- ❖ **ကျွန်တော်တို့ အစိုးရနှင့် ကျွန်တော်တို့ ပြည်သူသည် ခိုင်ခိုင်မြဲမြဲလက်တွဲ၍ သဘာဝဘေးဒဏ်များကို တွန်းလှန်ရင်း စည်းကမ်းပြည့်ဝ၍ ဖွံ့ဖြိုးတိုးတက်သည့် "ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး" ဆက်လက်ကြိုးပမ်းဆောင်ရွက်**

ကျွန်တော် စတင်တာဝန်ယူစဉ် အချိန်က ကျွန်တော်တို့ ဝန်ကြီးဌာနတွင် သမဝါယမဦးစီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပါဝင်ခဲ့ပါသည်။ သို့ဖြစ်၍လည်း သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်အောက်ရှိ သင်တန်းကျောင်းများသို့ ကျွန်တော်သွားရောက်စစ်ဆေးခဲ့ပြီး "အောင်မြင်နေတဲ့ စိန်ပန်းနွယ်" နှင့် "စနစ်ကျလယ်ယာစခန်းသာ" စသည့် သမဝါယမနှင့်ပတ်သက်သည့် ဆောင်းပါးများ ရေးသားနိုင်ခဲ့ပါသည်။ အလားတူ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန လက်အောက်ခံ ဆောင်းဒါးသင်တန်းကျောင်း သွားရောက်စစ်ဆေးပြီး အပြန်တွင် **"ဆောင်းဒါးသို့ ကျောင်းသွားစို့"** ဆောင်းပါးရေးဖြစ်ခဲ့ပါသည်။

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဖွဲ့စည်းသည့်အခါ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ခွဲထွက်သွားခဲ့ပါသည်။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် မွေးမြူရေး သုတေသနဦးစီးဌာနကို ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့က ဖွဲ့စည်းခဲ့ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ် (မအူပင်)ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင် တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

### ကိုဗစ်ရောဂါ ရဲရဲဝံ့ဝံ့ရင်ဆိုင်

ကျွန်တော်တို့ တာဝန်ယူခဲ့ကြသည့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကာလသည် လောကဓံတရား၏ ရိုက်ပုတ်ကျီစယ်မှုကို မှတ်တမ်းတင်ရလောက်အောင် ကြုံခဲ့ကြပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစကာလသည် ကိုဗစ်ရောဂါ ကူးစက်ဖြစ်ပွားမှု အပြင်းထန်ဆုံးကာလဖြစ်သောကြောင့် ကားလမ်း၊ ရထားလမ်းတွေပိတ်၊ စာသင်ကျောင်းတွေ ပိတ်၊ တစ်မြို့နယ်အတွင်းတွင်ပင် ကူးသန်းသွားလာ၍ မရဘဲ ကန့်သတ်ထားသည့်ကာလ (Lock Down) ချထားသည့် ကာလဖြစ်ပါသည်။ ဤအခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ရဲရဲဝံ့ဝံ့ရင်ဆိုင်၍ ကိုဗစ်ရောဂါကာကွယ်ရေးနည်းလမ်းများ စနစ်တကျချမှတ်လိုက်နာစေပြီး စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရ သက်တမ်း နှစ်နှစ်အကြာ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်း တိုက်ခတ်ခဲ့ပါသည်။ အဆုံးအရှုံးအပျက်အစီး များပြားခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်၍ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ မိုခါမုန်တိုင်းဒဏ်ခံရသဖြင့် မြို့ပျက်ကြီးကဲ့သို့ ဖြစ်သွားသည့် စစ်တွေမြို့ကို မူလထက် ပိုမိုကောင်းမွန်အောင် တည်ဆောက်ပေးခဲ့ပါသည်။ မိုခါမုန်တိုင်းဒဏ် ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ **"သဘာဝဘေး ပေ့ါသေးသေး မတွက်ကြနဲ့"**၊ **"ငတောက်တက် ကျားမသောက်မှသည် ရခိုင်ပြည် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"** ဆောင်းပါးများဖြင့် ကျွန်တော် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

### ရာဂီမုန်တိုင်းဒဏ် အစိုးရနှင့် ပြည်သူတို့ လက်တွဲညီညီ ရင်ဆိုင်တွန်းလှန်

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ရာဂီမုန်တိုင်း တိုက်ခတ်ပြန်ပါသည်။ ရာဂီမုန်တိုင်းဒဏ်ကြောင့် အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းပြီး စိုက်ပျိုးပြီး လယ်ယာမြေများစွာ ပျက်စီးခဲ့ရပါသည်။ ရမည်းသင်း၊ ပျော်ဘွယ်လို မိုးရေချိန်နည်းပါးသည့် မြန်မာပြည်အလယ်ပိုင်းတွင် ယာမြေများ ရေနစ်မြုပ်ခဲ့ရသည်။ နေပြည်တော်ကောင်စီနယ်မြေတွင်ပင် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ခဲ့ကြပါသည်။ ရန်ကုန်-မန္တလေးလမ်းဟောင်းရှိ ပျဉ်းမနား-တပ်ကုန်း တံတား ရေစီးတွင် မျောပါခဲ့ရသည်။ ရာဂီမုန်တိုင်းဒဏ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် ပြည်သူတို့ လက်တွဲညီညီ ရင်ဆိုင်တွန်းလှန်ခဲ့ပုံကို **"ရာဂီကို အန်တုစံပြုထိုက်သည့် ပြည်သူတွေ"** နှင့် **"ရာဂီလောက်တော့ ပျင်းတောင်ပျင်းသေးတယ်"** ဟူသော ဆောင်းပါးများဖြင့် ကျွန်တော်မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

၂၀၂၅ ခုနှစ်တွင် ကျွန်တော်တို့ ရင်ဆိုင်ခဲ့ရသည့် သဘာဝဘေးဒဏ်က မန္တလေးနှင့် စစ်ကိုင်းကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးပါ။ ထိုနေ့က ကျွန်တော်တို့ ရုံးအမှတ် (၁၅) ကျွန်တော့်ရုံးခန်းတွင် ကျွန်တော် အလုပ်လုပ်နေပါသည်။ မွန်းလွဲ ၁၂ နာရီခွဲအပြီး တစ်နာရီထိုးရန် ၇ မိနစ်ခန့်အလိုတွင် လျှပ်စစ်မီးပျက်သွားပါသည်။ ကျွန်တော့်မှာ ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ဖြင့် စိပ်နေသည့်ကာလဖြစ်သဖြင့် လက်ညှိုးတွင် ပုတီးစိပ်သည့်(Tally)လေးက အမြဲရှိနေသဖြင့် **"မီးပျက်တော့ ငါပုတီးစိပ်လို့ရအောင် ပျက်ပေးတာပဲ"** ဟု စိတ်ထဲတွင် သတ်မှတ်ပြီး ထိုင်ခုံတွင် ဆက်ထိုင်၍ ပုတီးစိပ်နေပါသည်။

ခဏအကြာတွင် ငလျင်လှုပ်ပါသည်။ ခပ်ကြမ်းကြမ်းလှုပ်သဖြင့် ရှေ့နောက် ယမ်းခါသွားသော်လည်း စားပွဲကို လက်နှစ်ဖက်ဖြင့်ကိုင်၍ ပုတီးဆက်စိပ်နေပါသည်။ ခဏအကြာတွင် ငလျင်အကြီးအကျယ် လှုပ်ပါသည်။ ကျွန်တော်ထိုင်နေသည့် ကုလားထိုင်နှင့် စားပွဲတစ်ပေခန့် ရွေ့သွားပါသည်။ ကျွန်တော့်ရုံးခန်းအတွင်းရှိ စာအုပ်စင်၊ ဖိုင်စင်များ လဲပြိုကျသွားပါသည်။ ကမ္ဘာကြီး အိုးထိန်းစက်ကဲ့သို့ လည်သည်ဆိုတာ ဒါမျိုးဖြစ်ပါလိမ့်မည်။ အတွေ့အကြုံသစ်ဖြစ်သော်လည်း ကျွန်တော်သတိမလွတ်ပါ။ ပုတီးစိပ်မြဲ ဆက်စိပ်နေပါသည်။ ငါးမိနစ်ခန့်တွင် ကျွန်တော့်တပည့် ရောက်လာပါသည်။ "ဆရာ ဘာလုပ်နေတာလဲ ဝန်ကြီးခေါ်ခိုင်းလို့ လာခေါ်တာပါ"ဟု ပြောမှ ကျွန်တော်လည်း ပြိုကျနေသော စာအုပ်စင်များ၊ ဗီရိုများကို ကျော်ခွ၍ အခန်းထဲမှ ထွက်ခဲ့ပါသည်။ ရုံးရှေ့အောက်ထပ် မြက်ခင်းပြင်တွင် ရုံးသူ/ရုံးသား အားလုံးနီးပါး ရောက်ရှိနေကြပါသည်။ နောက်လေးငါးကြိမ်ခန့် ငလျင်ထပ်လှုပ်သော်လည်း စောစောကလောက် ပြင်းထန်မှုမရှိ၍ ကျွန်တော်တို့ရုံးပေါ် ပြန်တက်ခဲ့ပါသည်။ စားပွဲ၊ ကုလားထိုင်၊ ဗီရိုများ ပြန်၍ နေရာချပါသည်။

### မြင်မြင်သမျှ စိတ်မကောင်းစရာ အနိဋ္ဌာရုံ မြင်ကွင်းများသာ

ညနေဘက်တွင် ဝန်ထမ်းလိုင်းခန်းများဘက်တွင် အပျက်အစီးများကြောင်း သိရ၍ ကျွန်တော် သွားရောက် ကြည့်ရှုစစ်ဆေးအားပေးပါသည်။ ဝန်ထမ်းအများစုမှာ လမ်းမတွင်ပင် နေကြရပါသည်။ အဆောက်အအုံများအတွင်း မည်သူမျှ မဝင်ရဲကြပါ။ လေးထပ်တိုက်ကြီးများ အောက်ဆုံးထပ်ပျောက်၍ သုံးထပ်သာ ကျန်ရှိပါသည်။ အချို့အထပ်လိုက် မြေကြီးထဲဝင်၍ အချို့အထပ်လိုက် ပိပြားသွားခြင်းဖြစ်ပါသည်။ မြင်မြင်သမျှ စိတ်မကောင်းစရာ အနိဋ္ဌာရုံ မြင်ကွင်းများသာဖြစ်ပါသည်။ နောက်တစ်နေ့ နံနက်တွင် ကြက်ဥအလုံး ၂၀၀၀ ဝယ်၍ ကျွန်တော့်ဝန်ထမ်းများကို သွား၍ပေးလိုက်ပါသည်။ ဝန်ကြီးဌာန မခွဲပါ။ လာယူသူကို တစ်ယောက် ကြက်ဥ ၁၀ လုံး လှူပေးခဲ့ပါသည်။

ငလျင်သည် ရာထူးမခွဲ၊ လူတန်းစားမခွဲ၊ လိင်မခွဲ၊ ပိန်သူ၊ ဝသူ၊ လှသူ၊ ရုပ်ဆိုးသူ မခွဲပါ။ ငလျင်ကြောပေါ်တွင်ရှိသည့် အဆောက်အအုံများ ပျက်စီးကြပါသည်။ ဝန်ကြီးများလိုင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်မှူး၊ စာရေးစာချီ အားလုံးမခွဲပါ။ ပျက်စီးမှုအနည်းနှင့်အများသာကွာပြီး သာတူညီမျှ ပျက်စီးစေပါသည်။

ကျွန်တော်တို့အစိုးရ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ)တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလတွင် သဘာဝဘေးများသည် ကျွန်တော်တို့ အစိုးရနှင့် ပြည်သူကို အမျိုးမျိုးစမ်းသပ်သည်။ အားစမ်းပါသည်။ သို့သော် ကျွန်တော်တို့ အစိုးရသည် အခက်အခဲမျိုးစုံကို ကျော်ဖြတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားမာန်မလျှော့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ပြည်သူကလည်း ညီညွတ်စွာ ပူးပေါင်းပါဝင်ခဲ့ပါသည်။ သို့ဖြစ်၍လည်း **"သဘာဝဘေးဒဏ် မှုရန်မလို အစိုးရနှင့်ပြည်သူ ညီညွတ်ကြဖို့သာလို"**ဟူသော ဆောင်းပါး ရေးဖြစ်ခဲ့ပါသည်။

### နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းဆောင်ရွက်

သဘာဝဘေးဒဏ်များ မည်သို့ပင် ရင်ဆိုင်ရပါစေ။ ကျွန်တော်တို့ အစိုးရ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ)သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"**
**"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"**
**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"**

အထက်ပါ ဆောင်ပုဒ်များသည် လက်ရှိ "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"၏ ဆောင်ပုဒ်နှင့် လုပ်ငန်းလမ်းညွှန်များ ဖြစ်ပါသည်။

အထူးသဖြင့် ကျွန်တော်တို့ နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားသော နိုင်ငံဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်စွမ်းအားအပေါ်တွင် မူတည်ပါသည်။ သို့ဖြစ်၍ စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအမည်ဖြင့် နိုင်ငံတော်မှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ ၎င်းချေးငွေ ချေးပေးသည့် အတိုးနှုန်းမှာလည်း ငွေ ၁၀၀ ကျပ်လျှင် တစ်နှစ်မှ ၁ ရာခိုင်နှုန်း - ၂ ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ သို့ဖြစ်၍လည်း နိုင်ငံတော်၏စေတနာကို ပြည်သူအများ သိမြင်စေရေး **"ယောက္ခမတောင်မှ မပေးနိုင်တဲ့ အတိုးနှုန်း"** ဆောင်းပါးအပါအဝင် စိုက်မွေးဆည်စာစုများကို ကျွန်တော် ရေးဖြစ်ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ အစိုးရနှင့် ကျွန်တော်တို့ ပြည်သူသည် ခိုင်ခိုင်မြဲမြဲလက်တွဲ၍ သဘာဝဘေးဒဏ်များကို တွန်းလှန်ရင်းစည်းကမ်းပြည့်ဝ၍ ဖွံ့ဖြိုးတိုးတက်သည့် **"ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး"** ဆက်လက်ကြိုးပမ်းဆောင်ရွက်ရပါဦးမည်။ ။

**"ကျွန်တော်တို့ တာဝန်ယူခဲ့ကြသည့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကာလသည် လောကဓံတရား၏ ရိုက်ပုတ်ကျီစယ်မှုကို မှတ်တမ်းတင်ရလောက်အောင် ကြုံခဲ့ကြပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစကာလသည် ကိုဗစ်ရောဂါ ကူးစက်ဖြစ်ပွားမှု အပြင်းထန်ဆုံးကာလဖြစ်သောကြောင့် ကားလမ်း၊ ရထားလမ်းတွေပိတ်၊ စာသင်ကျောင်းတွေပိတ်၊ တစ်မြို့နယ်အတွင်းတွင်ပင် ကူးသန်းသွားလာ၍ မရဘဲ ကန့်သတ်ထားသည့်ကာလ(Lock Down) ချထားသည့်ကာလဖြစ်ပါသည်။ ဤအခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရက ရဲရဲဝံ့ဝံ့ရင်ဆိုင်၍ ကိုဗစ်ရောဂါကာကွယ်ရေးနည်းလမ်းများ စနစ်တကျချမှတ်လိုက်နာစေပြီး စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့"**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ဖော်ဆောင်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ လှုံ့ဆော်မှု Campaign ကို နိုင်ငံတစ်ဝန်းလုံး ဆောင်ရွက်လျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ကို ဆောင်ရွက်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ(ဌာနမှူးများ)၊ ကထိကများ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ သန္တေမိသားစုများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်အားပေးသည်။

ဦးစွာ "ပြင်းထန်သည့် လျှော်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမည့် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" နှင့် "ရှေ့သို့ ချီမည်ပန်းတိုင်ဆီ " မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး**(အပေါ်ယာပုံ)** က အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၊ ရပ်ရွာ၊ ဒေသကို တိုးတက်အောင် လုပ်ဆောင်ပေးနိုင်မည့်ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရန် တာဝန်ရှိပါ ကြောင်း၊ ထိုကဲ့သို့ ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့် အရေးလည်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ ပါတီနိုင်ငံရေးဆိုသည်ထက် နိုင်ငံ့အရေးဖြစ်ပါကြောင်း၊ နိုင်ငံအတွက် မဲပေးသင့်သည်၊ မဲပေးရမည်ဆိုသည်ကို အသိပညာပေးလိုသည့်အတွက် ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့အသဲကြားက မဲတစ်ပြား ကို မိမိနှစ်သက်ရာ အဖွဲ့အစည်းအား ဆန္ဒပြုမဲပေးခြင်းဖြင့် နိုင်ငံသားတာဝန်ထမ်းဆောင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား MRTV DTH စလောင်းနှင့် DVB-T2 Set Top Box များအား ကံစမ်းမဲဖောက်ပေးပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန်မှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ အနုပညာရှင်များက ယိမ်းအကအလှများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ သင်တန်းသား သင်တန်းသူများ၊ ဝန်ထမ်းများနှင့် သန္တေမိသားစုဝင်များအား"ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်အတွင်းရှိ လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်အတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများနေထိုင်သည့် အိမ်ရာခြောက်လုံးကို အဆောက်အအုံတစ်ခုချင်း အလိုက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**



ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီပြီး ငလျင်ဒဏ်ခံနိုင်အောင် အလေးထားဆောင်ရွက်ရန်၊ ဝန်ထမ်းများအား မူလနေရာများတွင် အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယာယီနေရာချထားရာ နေရာများတွင် ရေမီးပြည့်စုံစွာဖြင့် အဆင်ပြေလုံခြုံစွာ နေထိုင်နိုင်ရန်အတွက် ပေ (၂၀ x ၁၂၀) Modular House နှစ်ထပ် အဆောက်အအုံ ၁၀ လုံး ဆောက်လုပ်ခြင်း အပြီးသတ် လုပ်ငန်းဆောင်ရွက်နေမှု၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများ ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုနှင့် ရာသီမရွေး အဆင်ပြေစွာသွားလာနိုင်ရန်အတွက် မြေသားလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် လမ်းဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများ၊ လိုအပ်ချက်များရှိပါက အချိန်မီတင်ပြသွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား စနစ်တကျနေရာချထားနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၌ ဒီဇင်ဘာ လူထုအားကစားလ(ဒုတိယအပတ်) စုပေါင်းလမ်းလျှောက်

**မော်လမြိုင် ဒီဇင်ဘာ ၁၃**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ မွန်ပြည်နယ်တွင် ဒီဇင်ဘာ အားကစားလ (ဒုတိယအပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

**စုပေါင်းလမ်းလျှောက်**

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသားဖွား သင်တန်းကျောင်း၊ အားကစားနှင့် ကာယသိပ္ပံလေ့ကျင့်ရေးကျောင်း (မော်လမြိုင်)နှင့် အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အားကစားလိုက်စားသူ ပြည်သူများသည် စုရပ်ဖြစ်သည့် ပြည်နယ်အစိုးရအဖွဲ့ရုံး မောရဝတီပန်းခြံရှေ့မှ ကမ်းနားလမ်းတစ်လျှောက် စုပေါင်း လမ်းလျှောက်ကြပြီး ရာမညအားကစားကွင်း၌ သွေးပူလေ့ကျင့်ခန်း အတွဲအမှတ်(၁)နှင့် အတွဲ အမှတ်(၂)၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ၊ Fitness Dance အကတို့ကို တပျော်တပါး အတူတကွ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ အထူးကု ပြင်ပလူနာဌာန အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ ကျင်းပသည့် ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံခြင်း အခမ်းအနားတွင် အသက် ကိုးနှစ်ပြည့်ပြီး ၁၂ နှစ် မကျော်သော မိန်းကလေးများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးပြီး အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

**ကပ်လှူပူဇော်**



ဆက်လက်၍ ချောင်းဆုံမြို့နယ် မုနိုင်းကျေးရွာရှိ ဆံတော်ရှင်ကျိုက်မုနိုင်းစေတီတော်မြတ်ကြီးအား ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကာ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် လှည့်လည်ကြည့်ရှုပြီး ဂေါပကအဖွဲ့များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# အာရှ-ပစိဖိတ်ဒေသ အသည်းရောဂါဆေးပညာရှင်များ ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

## အသည်းခြောက်ရောဂါ ကုသခြင်းနည်းလမ်းသစ်များ၊ အသည်းရောဂါကုသခြင်းဆိုင်ရာ နောက်ဆုံးပေါ်နည်းစနစ်များ ဖော်ထုတ်ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အာရှ-ပစိဖိတ်ဒေသ အသည်းရောဂါဆေးပညာရှင်များ ညီလာခံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှ-ပစိဖိတ်ဒေသ အသည်းရောဂါဆေးပညာရှင်များအသင်း (APASL)ဥက္ကဋ္ဌ တူကီယဲနိုင်ငံမှ Professor Necati Ormeci (Turkiye)၊ APASL ဦးဆောင်ကော်မတီဥက္ကဋ္ဌ အိန္ဒိယနိုင်ငံမှ Professor Shiv Sarin ၊ အိန္ဒိယနိုင်ငံ အမျိုးသားအသည်းရောဂါပညာရှင်များအသင်းဥက္ကဋ္ဌ Professor Barjesh Chander Sharma နှင့် ပြည်တွင်း၊ ပြည်ပမှ အသည်းရောဂါအထူးကုဆရာဝန်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ညီလာခံတွင် အသည်းခြောက်ရောဂါနှင့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်း အဓိကထားဆွေးနွေးမည်ဟု သိရှိရကြောင်း၊ အသည်းခြောက်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိလျက်ရှိပြီး အသည်းရောဂါကြောင့် ဦးနှောက်ရောင်ရမ်းခြင်း၊ ရေဖျဉ်းစွဲခြင်းနှင့် အသည်းကင်ဆာကဲ့သို့သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများကိုဖြစ်ပေါ်စေကြောင်း၊ အသည်းခြောက်ရောဂါလူနာများအတွက် အသည်းအစားထိုးကုသခြင်းကသာ တစ်ခုတည်းသော ကုသပျောက်ကင်းနိုင်သည့် နည်းလမ်းဖြစ်နေဆဲဖြစ်သော်လည်း ယခုကျင်းပသည့်ညီလာခံတွင် အခြားကုသနိုင်သည့်နည်းလမ်းများ၊ အသည်းခြောက်ရောဂါကြောင့် အသည်းနှင့်ကိုယ်တွင်းအင်္ဂါများ ပျက်စီးခြင်းများအတွက် ကုသရေးနည်းလမ်းများကိုလည်း ဆွေးနွေးသွားကြမည်ဟု သိရှိရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အသည်းနှင့် အစာအိမ်အူလမ်းကြောင်းရောဂါဆိုင်ရာ ပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်အမြဲပံ့ပိုးကူညီပေးလျက်ရှိရာ အသည်းရောင်အသားဝါရောဂါ၊ အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာရောဂါ၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ကုသမှုများအတွက် လမ်းညွှန်ချက်များထုတ်ဝေခြင်း၊ အသည်းရောင်အသားဝါ ဘီပိုးကင်းစင်အောင် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးကို မွေးကင်းစကလေးငယ်များအား ထိုးနှံပေးလျက်ရှိပြီး ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင်လည်း ထည့်သွင်းထိုးနှံပေးလျက်ရှိကြောင်း၊ ၂၀၁၇ ခုနှစ်မှစတင်၍ အသည်းရောင် အသားဝါစီရောဂါ ထိန်းချုပ်ရေးစီမံချက်အရ အသည်းရောင်အသားဝါ စီရောဂါကုသရေးအတွက် အသည်းအရောင်အသားဝါစီရောဂါ ဆေးကုသပေးလျက်ရှိပြီး တစ်နိုင်ငံလုံးသို့ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးလျက်ရှိပြီး မြန်မာနိုင်ငံတွင် အသည်းအရောင်အသားဝါစီပိုး ကင်းစင်ပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် အသည်းအမာရွတ်ဖြစ်ခြင်းကို တိကျစွာ




အကဲဖြတ်နိုင်မည့် စက်ပစ္စည်းများကိုလည်း ပြည်သူ့ဆေးရုံများတွင် တပ်ဆင်ပေးခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းကြည့် မှန်ပြောင်းများကို ခုတင် ၂၀၀ နှင့်အထက် ပြည်သူ့ဆေးရုံကြီးများသို့ ထောက်ပံ့ပေးလျက်ရှိခြင်း၊ အသည်းကင်ဆာ ဝေဒနာရှင်များအတွက် အသည်းဆေးဖျန်းကုသခြင်းအား ထောက်ပံ့ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အသည်းအစားထိုးကုသမှုများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ရာ အသည်းရောဂါ ဆေးပညာရပ်နှင့် ခွဲစိတ်ပညာရပ်များ၏ ပူးပေါင်းဆောင်ရွက်မှုရလဒ်ဖြစ်ကြောင်း၊ ယခုညီလာခံမှ အသည်းခြောက်ရောဂါနှင့် နောက်ဆက်တွဲဆိုးကျိုးများအား ကုသခြင်းနည်းလမ်းသစ်များ၊ အသည်းရောဂါကုသခြင်းဆိုင်ရာ နောက်ဆုံးပေါ်နည်းစနစ်များကို ဖော်ထုတ်ဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါညီလာခံကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိကျင်းပကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အာမေးနီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အသည်းရောဂါဆေးပညာရှင်များက မြန်မာနိုင်ငံ အသည်းရောဂါဆေးပညာရှင်များနှင့် အတူ အသည်းရောဂါဆေးပညာရပ်ဆိုင်ရာ ဗဟုသုတမျှဝေခြင်း၊ လက်တွေ့ကုသမှုအတွေ့အကြုံများမျှဝေခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အသည်းရောဂါပညာရှင် ၄၅ ဦးနှင့် မြန်မာနိုင်ငံမှ အသည်းရောဂါပညာရှင်များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ စုစုပေါင်း ၃၂၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု ခဝဲခြံမျက်မမြင်ကျောင်းနှင့် မေရီချက်(ပ်)မင်း နားမကြားသောကလေးများ ကျောင်းများသို့ လှည့်လည်ကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသည့် ခဝဲခြံမျက်မမြင်ကျောင်း၌ မျက်မမြင်ကလေးများ စာမေးပွဲဖြေဆိုရန်ပြင်ဆင်နေမှု၊ လက်မှုပညာသင်ကြားနေမှု၊ မျက်မမြင်စာကြည့်တိုက်နှင့် မုန့်ဖုတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စုပေါင်းခန်းမ၌ ကျင်းပသည့်တွေ့ဆုံပွဲသို့ တက်ရောက်ရာ မျက်မမြင်ကလေးများက တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ အတားအဆီးကင်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာများသင်ယူနိုင်ရေး၊ အလုပ်အကိုင်ရရှိရေးနှင့် မှီခိုမှုကင်းသော ဘဝရပ်တည် နေထိုင်နိုင်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မသန်စွမ်းသော်လည်း စွမ်းဆောင်နိုင်သူများ ဖြစ်သည့်အလျောက် စွမ်းဆောင်ရည်ပြည့်ဝအောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းကျောင်းများအတွက် တည်ထောင်ခွင့်ပြုမိန့်နှင့် ဆန်၊ စားစရိတ်၊ အဝတ်အစားစရိတ်နှင့် ဂေဟာမှူးလစာများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာနမှ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ဒဂုံမြို့နယ်ရှိ မေရီချက်(ပ်)မင်း နားမကြားသောကလေးများ ကျောင်းသို့ရောက်ရှိရာ ကျောင်းကြီးကြပ်ရေးအဖွဲ့တာဝန်ခံက ကျောင်းတွင် အကြားအာရုံမသန်စွမ်းသော အသက်ငါးနှစ်နှင့်အထက် ကလေးများကို လက်ခံ၍ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မေရီချက် (ပ်)မင်း နားမကြားသော ကလေးများကျောင်း၏ ပြတိုက်၊ နားမကြားသော ကလေးများအား Sign Language ဖြင့် စာပေသင်ကြားနေမှုများ၊ အသက်မွေးဝမ်းကျောင်းသင်ကြားနေမှုများနှင့် Audio Class၊ ဂျပန်အကြောပြင် အနှိပ်ခန်း၊ စာသင်ဆောင်နှင့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုပြီး မေရီချက်(ပ်)မင်း နားမကြားသော ကလေးများ ကျောင်းအတွက် မိမိတို့ဝန်ကြီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေ ၃၁ ဒသမ ၈၁၈ သန်း ထောက်ပံ့ပေးထားကြောင်း၊ နားမကြားသူများ လူမှုအသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်ရေး၊ အခက်အခဲ အတားအဆီးများ ဖယ်ရှားပေးနိုင်ရေး၊ အမှီအခိုကင်းစွာ ရပ်တည်နိုင်ရေးတို့ လေ့ကျင့်ပေးစေလိုကြောင်း မှာကြားကာ ကျောင်းအတွက် အလှူငွေများ ပေးအပ်သည်။

လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ခဝဲခြံမျက်မမြင်ကျောင်း၌ မျက်မမြင် ကျောင်းသားကျောင်းသူ ၁၁၅ ဦး၊ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း၌ နားမကြားသော ကျောင်းသား ကျောင်းသူ ၂၅၀ လက်ခံစောင့်ရှောက်၍ စာပေနှင့် အသက်မွေးပညာများ သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇေယျာသီရိမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော် ဇေယျာသီရိမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က ဇေယျာသီရိမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် အခြေခံ သမဝါယမအသင်းများမှ အသင်းဝင် ကိုယ်စားလှယ်များ တက်ရောက်သည်။

အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်၍ အမှာစကားပြောကြားပြီး အခြေခံသမဝါယမ အသင်း ၃၁ သင်းမှ အသင်းဝင် ကိုယ်စားလှယ်၅၁ ဦး တက်ရောက်ခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးသည် အသင်းအမှုဆောင်များနှင့် တွေ့ဆုံ၍ နေပြည်တော်အတွင်း သမဝါယမကဏ္ဍမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် နိုင်ငံတော်ထောက်ပံ့ငွေ (သက်တန့်ရောင်စီမံကိန်း) ဖြင့် ပံ့ပိုးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဇေယျာသီရိ မြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် သမဝါယမအသင်းများသို့ လိုအပ်သည့် ပံ့ပိုးငွေများ ရရှိရေးအတွက် အသင်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နရဘန်ချောင်း ကျောက်ဖြည့်မြေထိန်းနံရံတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာဘက်စုံသုံးခန်းမ၌ တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန် လယ်ယာကဏ္ဍအခြေခံဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်သီးနှံများနှင့် သား၊ ငါး၊ ကဏ္ဍများ ဖွံ့ဖြိုးလာရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကာ နိုင်ငံအတွင်းဒေသဝမ်းစာဖူလုံနိုင်ရန်သာမက နိုင်ငံတကာဈေးကွက်ရရှိရေးကိုပါ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အပြည့်အဝပြောင်းလဲကျင့်သုံးရေးသည်လည်း အလွန်အရေးပါကြောင်း၊ တောင်သူများအနေဖြင့် သီးနှံများအောင်မြင်ဖြစ်ထွန်းရေး၊ ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေဩဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးပြောကြားပြီး တောင်သူများထံ နေကြာမျိုးစေ့များပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကြို့ပင်ကျေးရွာအတွင်း သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လေးလက်မ စက်ရေတွင်းတူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအနီး မပိုက်ကယ်ရိုး ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုနှင့် နေပန်လပန်စနစ်ကျ လယ်ယာမြေအတွင်းရှိ နရဘန်ချောင်း ကျောက်ဖြည့်မြေထိန်းနံရံ တည်ဆောက်နေမှု(**အပေါ်ပုံ**) တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက်အမြန်ပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။



**အောင်ကို(ပုဗ္ဗသီရိ)**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာအားကစားလ ဒုတိယ ပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သေနတ်ပစ်ဖောက်၍ လမ်းလျှောက်ပွဲကို စတင်တာလွှတ်ပေးပြီး ပြည်သူ့ရင်ပြင်အတွင်းမှ ပြည်လမ်း၊ ရှင်စောပုလမ်း ၊ ယခင်တော်လှန်ရေးပန်းခြံအတွင်းမှ ဦးဝိစာရလမ်းအတိုင်း၊ ထိုမှတစ်ဆင့် ရွှေတိဂုံစေတီတော် အနောက်ဘက်၊ ပြည်သူ့ရင်ပြင် အရှေ့ဘက်ဝင်ပေါက်မှ ပြန်လည်ဝင်ရောက်ကာ ပြည်သူ့ရင်ပြင်၌ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ တိုင်းဒေသကြီးအတွင်း တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲအပြီးတွင် ပါဝင်ဆင်နွှဲသူများကို နံနက်စာဖြင့် တည်ခင်းဧည့်ခံပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လမ်းလျှောက်ပွဲတွင် ပါဝင်ကြသည့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်၊ သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူများ၏ လွန်ဆွဲပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အပ်နဖားထိုးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သင်တန်းသား ၄၀
# အဋ္ဌမအကြိမ်စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၃**




ပြည်ထောင်စုတရား လွှတ်တော်ချုပ်မှ တရားသူကြီးများနှင့် တရားရေးအရာရှိ ၄၀ သည် အိန္ဒိယနိုင်ငံ မတ်ဒရာပရာဒက်ရှ် ပြည်နယ် ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေး အကယ်ဒမီ (National Judicial Academy-NJA) တွင် ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည့် မြန်မာ တရားသူကြီးများနှင့် တရားရေး အရာရှိများအတွက် အဋ္ဌမအကြိမ် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါ သင်တန်းသည် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့အကြား လက်မှတ်ရေးထိုးထားသည့် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် အိန္ဒိယနိုင်ငံတွင် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်ခြင်းဖြစ်သည်။

**အပြန်အလှန်ဖလှယ်ကြမည်**

သင်တန်းတွင် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်နှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ တရားရုံးနှင့် မှုခင်းစီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး ဆိုင်ရာ တရားစီရင်ရေး၊ တရားစီရင်ရေးနှင့်သတင်းမီဒီယာ၊ သက်သေခံဥပဒေ၊ မှုခင်းဆေးပညာသက်သေခံချက်၊ အငြင်းပွားမှုများအား အခြားနည်းဖြင့် ဖြေရှင်းခြင်း၊ ကျားမတန်းတူညီမျှသောလူ့အဖွဲ့အစည်း အစရှိသည့် အကြောင်းအရာများအား အိန္ဒိယနိုင်ငံမှ တရားသူကြီးများ၊ တက္ကသိုလ်ပါမောက္ခများနှင့် ဥပဒေပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များက သင်တန်းသားများနှင့် အတွေ့အကြုံများ အပြန်အလှန်ဖလှယ်၍ ဆွေးနွေးပို့ချကြမည် ဖြစ်သည်။ ထို့အပြင် သင်တန်းသားများသည် ဘိုပါးမြို့ရှိ တရားရုံးများနှင့် ထင်ရှားသော နေရာများသို့ လေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်သည်။

**အထောက်အကူဖြစ်စေမည်**

အဆိုပါ သင်တန်းသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တရားရုံးများမှ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ ခရိုင်အဆင့် တရားသူကြီးများ၊ မြို့နယ်အဆင့်တရားသူကြီးများ တက်ရောက်ကြမည်ဖြစ်ပြီး ယခုအကြိမ် အပါအဝင် သင်တန်းသား စုစုပေါင်း ၃၂၀ ကို စေလွှတ်ခဲ့ပြီးဖြစ်သည်။ ဤပူးပေါင်း ဆောင်ရွက်မှုသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ၏ တရားစီရင်ရေးစနစ်များကို ယှဉ်တွဲလေ့လာခွင့်ရစေပြီး နှစ်နိုင်ငံအကြား တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာလာစေရန် အထောက်အကူဖြစ်စေသည့်အပြင် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများ၏ စွမ်းရည်မြှင့်တင်မှုအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့်မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရောင်းချရန်ပဋိညာဉ် သို့မဟုတ် စရန်ပေးစာချုပ်ကို အကြောင်းပြု၍ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု သို့မဟုတ် စရန်နှစ်ဆရလိုမှု သို့မဟုတ် နစ်နာကြေးရလိုမှု

**နိုင်ငံတော်၏ စီးပွားရေးအရင်းအမြစ်တစ်ခုဖြစ်သော အိမ်ခြံမြေဈေးကွက် တိုးတက်လာမှုနှင့်အတူ အိမ်ခြံမြေအငြင်းပွားမှု ပြဿနာများလည်း တိုးပွားလာပါသည်။ အိမ်ခြံမြေရောင်းဝယ်မှု၊ ငှားရမ်းမှု၊ ပေါင်နှံမှုပြဿနာများ၏ မူလအစဖြစ်သည့် ရောင်းချရန်ပဋိညာဉ် သို့မဟုတ် စရန်ပေးစာချုပ်သည် အငြင်းပွားမှုပြဿနာအားလုံး၏ အခြေခံဖြစ်လာပါသည်။**

*ကျော်ကျော် (တရားရေး)*

စရန်ပေးစာချုပ်များတွင် တစ်ခါတစ်ရံ စာချုပ်အလွတ်၌ လက်မှတ်ရေးထိုး ချုပ်ဆိုခြင်းများပင်ရှိတတ်ရာ နောင်အခါတွင်မှ တစ်ဖက်စောင်းနင်းအခွင့်အရေးယူမှု၊ ရာဇဝတ်ကြောင်း၊ တရားမကြောင်း တရားစွဲဆိုမှုများမှာ ဖြေရှင်းရခက်ခဲသောပြဿနာများ ဖြစ်လာပါသည်။ ပဋိညာဉ်တွင် ပါဝင်သူတစ်ဦးဦးက စရန်ပေးစာချုပ်များကို ချိုးဖောက်သည့်အခါ အကြောင်းအမျိုးမျိုးကြောင့် (ဥပမာ-တန်ဖိုး အဆမတန်တက်လာသောအကြောင်းကြောင့်) ဆက်လက်ဆောင်ရွက်ရန် ငြင်းဆန်သည့်အခါ ပစ္စည်းလက်ရောက်ရလိုမှု၊ အိမ်၊ ခြံ၊ မြေ သို့မဟုတ် တိုက်ခန်းလက်ရောက်ရလိုမှု စွဲဆိုခြင်း သို့မဟုတ် ပဋိညာဉ်ချိုးဖောက်ခြင်းအတွက် စရန်ငွေနှစ်ဆတောင်းဆိုခြင်း သို့မဟုတ် နစ်နာကြေးတွက်ချက် တောင်းဆိုခြင်းများရှိရာ စရန်ပေးစာချုပ်များကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချုပ်ဆိုရန်လိုအပ်မည်ဖြစ်ပါသည်။

**“ပဋိညာဉ်တွင် ပါဝင်သူတစ်ဦးဦးက စရန်ပေးစာချုပ်များကို ချိုးဖောက်သည့်အခါ အကြောင်းအမျိုးမျိုးကြောင့် (ဥပမာ-တန်ဖိုး အဆမတန် တက်လာသောအကြောင်းကြောင့်) ဆက်လက်ဆောင်ရွက်ရန် ငြင်းဆန်သည့်အခါ ပစ္စည်းလက်ရောက်ရလိုမှု၊ အိမ်၊ ခြံ၊ မြေ သို့မဟုတ် တိုက်ခန်းလက်ရောက်ရလိုမှုစွဲဆိုခြင်း သို့မဟုတ် ပဋိညာဉ်ချိုးဖောက်ခြင်းအတွက် စရန်ငွေနှစ်ဆတောင်းဆိုခြင်း သို့မဟုတ် နစ်နာကြေးတွက်ချက် တောင်းဆိုခြင်းများရှိရာ စရန်ပေးစာချုပ်များကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချုပ်ဆိုရန် လိုအပ်မည်”**

**ရောင်းချခြင်း**

ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၄ တွင် **“ရောင်းချခြင်း”** ဆိုသည်မှာ ပေးချေသည့် တန်ဖိုး သို့မဟုတ် ပေးချေမည်ဟု ကတိပြုသည့် တန်ဖိုး သို့မဟုတ် အချို့ကို ပေးချေ၍ အချို့ကို ပေးချေမည်ဟု ကတိပြုသည့်တန်ဖိုးနှင့် လဲလှယ်၍ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းခြင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ ရောင်းချခြင်းမြောက်ရန်အတွက် တန်ဖိုးကို ပေးချေရမည် သို့မဟုတ် တန်ဖိုးပေးချေမည်ဟု ကတိရှိရမည်ဖြစ်သည်။

တန်ဖိုး သို့မဟုတ် အဖိုးစားနားပေးခြင်းသော်လည်းကောင်း၊ နောင်တွင်ပေးရန် သဘောတူခဲ့ခြင်းသော်လည်းကောင်း မရှိပါက မှတ်ပုံတင်စာချုပ်ချုပ်ဆိုထားစေကာမူ ရောင်းချခြင်းမှာ အထမမြောက်ကြောင်း **ဦးခင်မောင်ရီ(ခ)စုရှန်ရီနှင့် ဦးရင် အမှု**[1] တွင် ထုံးပြုထားသည်။

ကျပ်တစ်သိန်း*နှင့်အထက် တန်ဖိုးရှိသော အမှန်တကယ်တည်ရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် မူလပိုင်ရှင်ထံသို့ ပြန်လည်ရောက်ရှိသည့်ပစ္စည်း သို့မဟုတ် အခြားအမှန်တကယ်ရှိသည့်ပစ္စည်းတို့ကို လွှဲပြောင်းရာတွင် မှတ်ပုံတင်စာချုပ်ဖြင့် ပြုလုပ်ရမည်ဖြစ်သည်။

**ရောင်းချရန် ပဋိညာဉ်(သို့မဟုတ်) စရန်ပေးစာချုပ်**

ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၄ တွင် ရောင်းချရန် ပဋိညာဉ်ကို အမှန်တကယ်တည်ရှိသော မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပေးအပ်ခြင်းသည် ပစ္စည်းကို ရောင်းချသူက ဝယ်ယူသူထံသို့ အရောက်ပေးပို့သည့်အခါ သို့မဟုတ် အဆိုပါသူသည် ညွှန်ကြားချက်အရ ပစ္စည်းပိုင်ဆိုင်မှု ရရှိသည့်အခါ ပေးအပ်ခြင်းမြောက်သည်။

ရောင်းချသူဝယ်ယူသူတို့အကြား ထားရှိသည့် စည်းကမ်းချက်များကို ပြေငြိမ်းအောင် ဆောင်ရွက်လျက် မရွှေ့မပြောင်းနိုင်သောပစ္စည်းအား ပေးအပ်ရန် ပြုလုပ်သည့် ပဋိညာဉ်သည် ယင်းပစ္စည်းကို ရောင်းချရန် ပြုလုပ်သည့် ပဋိညာဉ်ဖြစ်သည်။ ထိုပဋိညာဉ်မျှဖြင့် အဆိုပါပစ္စည်းအပေါ် အကျိုးခံစားခွင့် သို့မဟုတ် တာဝန်လွှဲအပ်မှု ဖြစ်ပေါ်ခြင်းမရှိ။

**ရောင်းချရန် ပဋိညာဉ်(သို့မဟုတ်)စရန်ပေးစာချုပ်၏ ဥပဒေရေးရာ အကျိုးသက်ရောက်မှုများ**

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူရန် ပဋိညာဉ်ကို ပြုလုပ်သော ဝယ်သူက စရန်ငွေကို ပေးထားရာ ပဋိညာဉ်အတိုင်း အပြီးသတ်ဆောင်ရွက်ရန် အချိန်စေ့ရောက်သောအခါ ရောင်းသူသည် အပြီးသတ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် ဝယ်သူသည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(၁) ဝယ်သူသည် ပဋိညာဉ်ကို ဖျက်သိမ်းသည်ဟု မှတ်ယူ၍ စရန်ငွေကို ရလိုကြောင်း စွဲဆိုနိုင်သည်၊ (သို့မဟုတ်)

(၂) ပဋိညာဉ်ကို ဆက်လက် အတည်ဖြစ်သည်ဟု မှတ်ယူ၍

(က) ပဋိညာဉ်ကို ချိုးဖောက်သည့်အတွက် နစ်နာကြေးရလိုမှု စွဲဆိုနိုင်သည်၊ (သို့မဟုတ်)

(ခ) ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် စွဲဆိုနိုင်သည်။

သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၁၂ ၏ ရှင်းလင်းချက်တွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လွှဲပြောင်းရန် ပဋိညာဉ်အား ဖောက်ဖျက်ခြင်းအတွက် ငွေပေးလျော်ခြင်းဖြင့် လုံလောက်စွာ သက်သာခွင့်ရနိုင်သည်ဟု သက်သေထင်ရှား မပြနိုင်သမျှ ကာလပတ်လုံး မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လွှဲပြောင်းရန် ပဋိညာဉ်အား ဖောက်ဖျက်ခြင်းအတွက် ငွေပေးလျော်ခြင်းဖြင့် လုံလောက်စွာ သက်သာခွင့်မရနိုင်ဟု မှတ်ယူရမည်ဖြစ်ကြောင်း **ဦးအဘတ်စ်နှင့် ဦးအောင်ထိုက်အမှု**[2]တွင် လမ်းညွှန်ထုံးပြုထားသည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၂ တွင် အပြန်အလှန် ကတိများအတိုင်း ဆောင်ရွက်ရန် အစီအစဉ်ကို ပဋိညာဉ်အရ အတိအလင်းသတ်မှတ်ထားလျှင် ထိုအစီအစဉ်အတိုင်း ဆောင်ရွက်ရမည်။ ထို့ပြင် ပဋိညာဉ်အရ အစီအစဉ်ကို အတိအလင်းသတ်မှတ်ခြင်းမရှိလျှင် အမှုကိစ္စအရ လိုအပ်သော အစီအစဉ်အတိုင်း ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ သာမန်အားဖြင့် အပြန်အလှန် ကတိပြုသူနှစ်ဦးသည် ပဋိညာဉ်တွင်ပါရှိသော အစီအစဉ်အတိုင်း ၎င်းတို့၏ တာဝန်များကို ဆောင်ရွက်ရမည်ဖြစ်သည်ဟု **ဒေါ်နီ(ခ)ဒေါ်မိမိလေးနှင့် ဒေါ်အေး**[3] **စီရင်ထုံး**တွင် လမ်းညွှန်မှုပြုထားသည်။

ပဋိညာဉ်ချုပ်ဆိုရာတွင် ပါဝင်သူတစ်ဦးက အကြောင်းအရာတစ်ခု သတ်မှတ်ထားသော အချိန်တွင် ပြုလုပ်ရန်ကတိပြုသော်လည်း ထိုကဲ့သို့ပြုလုပ်ရန် ပျက်ကွက်လျှင် အချိန်သည် ပဋိညာဉ်၏ အဓိကအချက်ဖြစ်ရန် ရည်ရွယ်ပါက ကတိရသူက ထိုပဋိညာဉ်ကို ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၅ အရ ဖျက်သိမ်းခွင့်ရသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၅ တွင် ဖော်ပြထားသော အချိန်ကာလသည် ပဋိညာဉ်၏ အဓိကအချက်ဖြစ်စေရန် ကာယကံရှင်များက ရည်ရွယ်ခြင်း ရှိ-မရှိ ပြဿနာကို စာဖြင့်ရေးသားထားသော စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင် အကြောင်းခြင်းရာများကို ဆင်ခြင်စဉ်းစား ဆုံးဖြတ်ရမည်ဟု **ဒေါ်လှနွဲ့နှင့် ဦးသန်းညွန့်ပါ-၃**[4] **စီရင်ထုံး**တွင် လမ်းညွှန်ထုံးပြုထားသည်။

**ပဋိညာဉ်ပါတာဝန်များ**

ပဋိညာဉ်ပြုသူတို့သည် ပဋိညာဉ်ပါ တာဝန်များကို ကျေပွန်ရန် ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုပေသည်။ ပဋိညာဉ်ဥပဒေပုဒ်မ ၂ အရ ဥပဒေနှင့် မဆန့်ကျင်သည့် သဘောတူညီချက်သည် ဥပဒေနှင့်ညီညွတ်သော တာဝန်ကို ဖန်တီးသည့်အလျောက် ထိုတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခြင်းမပြုသရွေ့ ယင်းတာဝန်သည် သဘောတူညီသူအပေါ် တည်မြဲနေမည်ဖြစ်သည်။

**ပဋိညာဉ် ချိုးဖောက်ခြင်း**

ပဋိညာဉ် ပြုသူတစ်ယောက်သည် ပဋိညာဉ်အရ ၎င်းအပေါ်တွင် ကျရောက်သော တာဝန်ကို ဆောင်ရွက်ရန် ငြင်းပယ်လျှင်၊ သို့မဟုတ် ပဋိညာဉ်အရ ဆောင်ရွက်ရန် အချိန်ကျရောက်သော်လည်း ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပဋိညာဉ်ချိုးဖောက်မှုဖြစ်ပေါ်သည်။ ပဋိညာဉ်ကို ငြင်းပယ်ခြင်း (repudiation of the contract) သည်၊ ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ရန် ငြင်းဆိုခြင်း (refusal to fulfil the contract)ဖြစ်သည်။ ငြင်းပယ်ခြင်း ဆိုသည်မှာ ပဋိညာဉ်ပြုသူတစ်ယောက်က ပဋိညာဉ်အရ ပြုလုပ်ရန်တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် ငြင်းဆိုခြင်းဖြစ်သည်။ ထိုသို့ငြင်းပယ်လိုက်လျှင် နစ်နာသော တစ်ဖက်ပဋိညာဉ်ပြုသူက ယင်းသို့ငြင်းပယ်သူအား ပဋိညာဉ်ကို ချိုးဖောက်မှုအတွက် လျော်ကြေးရယူရန် တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ငြင်းပယ်ခြင်းမြောက်အောင် ပဋိညာဉ်အရ ပြုလုပ်ရမည့် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် မည်သို့ငြင်းပယ်ရမည်နည်းဟူမူ၊ လုံးလုံးလျားလျား ငြင်းဆိုရမည် (total refusal) သို့မဟုတ် အကြွင်းမဲ့ငြင်းဆိုခြင်း (absolute refusal)ဟု ဆိုရပေလိမ့်မည်။

*စာမျက်နှာ ၁၁ သို့*

- ❖ **ပဋိညာဉ်ပြုသူတို့သည် ပဋိညာဉ်ပါတာဝန်များကို ကျေပွန်ရန် ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုပေသည်။ ပဋိညာဉ်ဥပဒေပုဒ်မ ၂ အရ ဥပဒေနှင့် မဆန့်ကျင်သည့် သဘောတူညီချက်သည် ဥပဒေနှင့်ညီညွတ်သောတာဝန်ကို ဖန်တီးသည့်အလျောက် ထိုတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခြင်းမပြုသရွေ့ ယင်းတာဝန်သည် သဘောတူညီသူအပေါ် တည်မြဲနေမည်**
- ❖ **ပဋိညာဉ်ဥပဒေပုဒ်မ ၇၄ တွင် ပဋိညာဉ်ကို ချိုးဖောက်သည့်အခါ ထိုကဲ့သို့ ချိုးဖောက်သည့်အတွက် လျော်ကြေးမည်ရွေ့မည်မျှ ပေးရမည်ဟု ပဋိညာဉ်တွင် ဖော်ပြထားလျှင်သော်လည်းကောင်း၊ ဒဏ်ကြေးအနေဖြင့် သတ်မှတ်ချက်တစ်ခုခုကို ပဋိညာဉ်တွင် ဖော်ပြထားလျှင်သော်လည်းကောင်း၊ ပဋိညာဉ်ချိုးဖောက်ခြင်းခံရသူသည် ပဋိညာဉ်ချိုးဖောက်ခြင်းကြောင့် နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်ကြောင်း ထင်ရှားသည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ ပဋိညာဉ်လျော်ကြေး သို့မဟုတ် ဒဏ်ကြေးထက်မပိုသည့် သင့်လျော်သောလျော်ကြေးကို ပဋိညာဉ်ချိုးဖောက်သူထံမှ ရခွင့်ရှိ**

၁။ ၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁
၂။ ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၉
၃။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၅၉
၄။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၀၄
၅။ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၃
၆။ ၂၀၂၂ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၃

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**မုံရွာ ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက် ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အရှေ့ကန်သာယာ ကန်ရှိ ပြည်ထောင်စုရင်ပြင်၌ ကျင်းပသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီး များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များ၊ သူနာပြုနှင့် သားဖွား သင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ကျောင်း အုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နေပြည်သူများနှင့် အားကစားကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက် လာကြသည့် အင်အား ၃၅၀၀ ကျော်သည် မုံရွာမြို့ အရှေ့ဘက်ကန်သာယာရှိ ပြည်ထောင်စုရင်ပြင်ရှိ သက်မှတ်နေရာများတွင် နေရာယူကြပြီး ပြည်ထောင်စုရင်ပြင်မှ အရှေ့ကန်သာယာကန် တစ်ပတ်စုပေါင်းလမ်းလျှောက်ကြသည်။(ယာပုံ)

ယင်းနောက် အရှေ့ဘက်ကန်သာယာရှိ ပြည်ထောင်စုရင်ပြင်သို့ ပြန်လည်ဝင်ရောက်ကြပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ၏ ကိုယ်ကာယလေ့ကျင့်ခန်းအတွဲ (၁)၊ အတွဲ(၂) သရုပ်ပြသမှုများနှင့် Physical Fitness Dance တေးသီချင်းများဖြင့် သွေးပူလေ့ကျင့်ခန်းကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများအား ဝန်ကြီးဌာနများက ညှော်ခံကျွေးမွေးသည့် နံနက်စာများကို တပျော် တပါး စားသုံးနေမှုနှင့် ကံစမ်းမဲများဖွင့်ဖောက်ပေး နေမှုကို လိုက်လံကြည့်ရှုအားပေးကာ ဆုမဲပေါက်သူ များအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အသိပညာပေးဆွေးနွေးပွဲ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ(ဒုတိယအကြိမ်)အသိပညာပေးခြင်းနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲနှင့် မြန်မာအီလက် ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ(ဒုတိယအကြိမ်) အသိ ပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ရန်အောင်မြင် ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း ဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူ များ၊ အရာရှိ၊ စစ်သည်၊ မိသားစု ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မြန်မာအီလက် ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အချက်အလက်များနှင့် မဲပေးစက် အသုံးပြုခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ မဲပေးခြင်းဆိုင်ရာ ရည်ရွယ်ချက် များ၊ အသုံးပြုပုံနည်းစနစ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက မြန်မာအီလက်ထရောနစ် မဲပေး စက်(MEVM)တွင် လက်တွေ့ သရုပ် ပြစမ်းသပ်မဲပေးကြပြီး သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ပဋိညာဉ်ပြုသူ တစ်ယောက်သည် ပဋိညာဉ်အတိုင်း ၎င်းက မဆောင်ရွက်နိုင်ကြောင်း၊ သို့မဟုတ် မဆောင်ရွက်လိုကြောင်းကို ၎င်း၏ ပြုမူချက် (conduct) ဖြင့် သိစေလျှင် ပဋိညာဉ်အရ ၎င်းအပေါ် ကျရောက်သောတာဝန်ကို ငြင်းပယ်ရာရောက်သဖြင့် အခြားတစ်ဖက် ပဋိညာဉ်ပြုသူသည် ထိုငြင်းပယ် ချက်ကြောင့် နစ်နာလျှင် လျော်ကြေးရခွင့်ရှိသည်ဟု **ဦးနေဝင်းပါ-၂ နှင့် ဒေါ်ခင်အေး**[5] တွင် လမ်းညွှန်ထုံး ပြုထားသည်။

### အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု

တရားလိုသည် တရားပြိုင်များအပေါ် စွဲဆိုသော အမှုမှာ အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင် ရွက်ပေးစေလိုမှုဖြစ်သည်။ အမှုတွင် တရားစွဲဆိုရန် အကြောင်းကို ဖြစ်မြောက်စေသည့် အကြောင်းခြင်း ရာများမှာ -

(၁) အချင်းဖြစ်မြေသည် တရားပြိုင်ပိုင်ဖြစ်ခြင်း။

(၂) တရားပြိုင်သည် တရားလိုအား ထိုပစ္စည်းကို အဖိုးစားနားဖြင့် ရောင်းချရန် ပဋိညာဉ်ပြုခြင်း။

(၃) တရားလိုသည် အဖိုးစားနားကို အပြည့်အဝ ပေးချေပြီးခြင်း သို့မဟုတ် အချို့အဝက် ပေးချေ၍ ကျန်ငွေကို ပေးချေရန်အသင့်ရှိခြင်း။

(၄) တရားပြိုင်သည် မှန်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်လျက် ရှိခြင်းတို့ဖြစ်သည်ဟု **ဒေါ်ညွန့်ကြည်နှင့် ဒေါ်မြမြစန်း ပါ-၂**[6] **စီရင်ထုံး**တွင် လမ်းညွှန် ထုံးပြုထားသည်။

အရောင်းပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေ ရန်နှင့် လွှဲပြောင်းစာချုပ်ချုပ်ဆိုရန်ဖြစ်လျှင် ထိုအမှု တွင် ပစ္စည်း၏ ပိုင်ဆိုင်မှုကို အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။ ထိုအမှုများ၌ အငြင်းပွားသော တစ်ခု တည်းသော ပြဿနာမှာ ပဋိညာဉ်ပြုလုပ်ခြင်း ရှိ-မရှိ၊ ရှိလျှင် သီးခြားဆောင်ရွက်ပေးသင့်သော အကြောင်းရှိ-မရှိ ဖြစ်သည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပဋိညာဉ်အတိုင်း သီးခြားဆောင်ရွက်စေ ရန်နှင့် ပစ္စည်းလက်ရောက်ရလိုမှုဖြစ်လျှင် အချင်း ဖြစ်ပစ္စည်း၏ ပိုင်ဆိုင်မှုကို တရားရုံးက အဆုံးအဖြတ် ပေးရမည်။ ဤအမှုတွင် ဦးအောင်ကျော်မင်းတို့က ဦးစိုးမြင့်အပေါ် အချင်းဖြစ်မြေနှင့်အိမ်ကို ပဋိညာဉ် အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်နှင့် ပစ္စည်း လက်ရောက်ပေးအပ်ရန် တရားစွဲဆိုခြင်းဖြစ်သဖြင့် အချင်းဖြစ်ပစ္စည်းကို ဦးစိုးမြင့်က တရားဝင်ပိုင်ဆိုင်မှု ရှိ-မရှိကို ထည့်သွင်းစဉ်းစားရမည်ဟု **ဦးစိုးမြင့်နှင့် ဦးအောင်ကျော် ပါ - ၂**[7] အမှုတွင် လမ်းညွှန်ထုံး ပြုထားသည်။

### လျော်ကြေးငွေရလိုမှု

ပဋိညာဉ်ဥပဒေပုဒ်မ ၇၃ တွင် ပဋိညာဉ် ချိုးဖောက်ရာတွင် ထိုကဲ့သို့ ချိုးဖောက်ခြင်း ကြောင့် ဆုံးရှုံးရသည့် သို့မဟုတ် နစ်နာရသည့်အတွက် ပဋိညာဉ်ချိုးဖောက်သူထံမှ ချိုးဖောက်ခြင်း ခံရသူ သည် ပဋိညာဉ်ချိုးဖောက်ခြင်းကြောင့် သဘာဝ အလိုက်ဖြစ်မြဲဖြစ်ပေါ်သည့်အတိုင်းဖြစ်စေ၊ ပဋိညာဉ် ပြုစဉ်က ပြုလုပ်သူများအနေဖြင့် ပဋိညာဉ်ချိုးဖောက် လျှင် ပေါ်ပေါက်လာမည်ဟု သိရှိကြသည့် နစ်နာမှု အရဖြစ်စေ လျော်ကြေးရထိုက်သည်။

ပဋိညာဉ်ဥပဒေပုဒ်မ ၇၄ တွင် ပဋိညာဉ်ကို ချိုးဖောက်သည့်အခါ ထိုကဲ့သို့ ချိုးဖောက်သည့် အတွက် လျော်ကြေးမည်ရွေ့မည်မျှပေးရမည်ဟု ပဋိညာဉ်တွင် ဖော်ပြထားလျှင်သော်လည်းကောင်း၊ ဒဏ်ကြေးအနေဖြင့် သတ်မှတ်ချက်တစ်ခုခုကို ပဋိညာဉ်တွင် ဖော်ပြထားလျှင်သော်လည်းကောင်း၊ ပဋိညာဉ်ချိုးဖောက်ခြင်းခံရသူသည် ပဋိညာဉ် ချိုးဖောက်ခြင်းကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ကြောင်း ထင်ရှားသည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ ပဋိညာဉ် လျော်ကြေး သို့မဟုတ် ဒဏ်ကြေးထက်မပိုသည့် သင့်လျော်သော လျော်ကြေးကို ပဋိညာဉ်ချိုးဖောက် သူထံမှ ရခွင့်ရှိသည်။

အရောင်းအဝယ် ပျက်ပြယ်သဖြင့် ပေးသွင်းထား သောငွေကို ပြန်လည်ပေးအပ်ရေးနှင့်စပ်လျဉ်း၍ ပဋိညာဉ်အက်ဥပဒေတွင် ပြဋ္ဌာန်းထားချက်များ မတွေ့ရပေ။ ဤပြဿနာကို ဆုံးဖြတ်ရာ၌ ပေးသွင်း သောငွေသည် ရောင်းငွေအတွက် တစ်စိတ်တစ်ဒေသ အားဖြင့် ပေးသွင်းခဲ့လျှင် ရောင်းသူသော်လည်း ကောင်း၊ ဝယ်သူသော်လည်းကောင်း ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်က ထိုငွေကိုပြန်လည် ပေးအပ်ရမည်ဟု **ဘာဘူကနီရာလား (လ်) ဒနကာ နှင့် မက်ဆား(စ်)ရွှေပြည်စိုး ဖလင်ကုမ္ပဏီ အမှု(ခ)**[8] အမှုတွင် လမ်းညွှန်ထုံးပြုထားသည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၄ အရလည်း ပဋိညာဉ်ကိုဖောက်ဖျက်သောအခါ ထိုသို့ဖောက်ဖျက် ပါက ပေးရန်ဖြစ်သော ငွေပမာဏကို ပဋိညာဉ်တွင် ဖော်ပြထားလျှင် ထိုသို့ဖောက်ဖျက်ခြင်းကြောင့် အမှန်တကယ် ပျက်စီးဆုံးရှုံးမှုရှိကြောင်း ထင်ရှား သည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ ဖောက်ဖျက် ကြောင်း တိုင်တန်းသူသည် ဖောက်ဖျက်သူထံမှ ထိုဖော်ပြသော ငွေကြေးပမာဏကို ရပိုင်ခွင့်ရှိသည် ဟု **ဒေါ်နီ(ခ)ဒေါ်မိမိလေး**[9] စီရင်ထုံးတွင် လမ်းညွှန် ထုံးပြုထားသည်။

လျော်ကြေး(Compensation) သို့မဟုတ် နစ်နာ ကြေး(damages) တို့သည် ကွဲပြားသော စကားရပ် များဖြစ်သည်။ ကာလစည်းကမ်းသတ်အက်ဥပဒေ အမှတ်စဉ် ၁၁၅ တွင် သုံးသော compensation သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၃ တွင် သုံးထားသည့် အတိုင်း အဓိပ္ပာယ်ချင်းအတူတူဖြစ်သည်။ ထိုစကား ရပ်သည် ပဋိညာဉ်ဖောက်ဖျက်သူ၏ လုပ်ရပ်ကြောင့် နစ်နာသူအား ပေးလျော်သည့်ငွေ သို့မဟုတ် အရာ တစ်ခုခုကို ဆိုလိုသည်။ တစ်ဖက်တွင် damages သည် ဆုံးရှုံးမှု သို့မဟုတ် အမှန်တကယ် ဖြစ်စေသည့် နစ်နာမှုအတွက် ခန့်မှန်းချက်ဟု အဓိပ္ပာယ်ရသည်။

အရောင်းအဝယ်ပဋိညာဉ်တွင် ရောင်းသူက ပဋိညာဉ်ကိုဖောက်ဖျက်ပါက လျော်ကြေးငွေပေး လျော်ရန် စည်းကမ်းချက်ပါရှိလျှင် ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန် သက်သာခွင့်နှင့် လျော်ကြေးပေး စေရန် သက်သာခွင့်တို့အနက် မည်သည့်သက်သာခွင့် ကို ရယူလိုခြင်းမှာ တရားလို၏ ရွေးချယ်ခွင့်ဖြစ်ပေ သည်။ တရားလိုက လျော်ကြေးငွေတောင်းရန် သက်သာခွင့်ကို ရွေးချယ်ပါက တရားလို၏ နစ်နာမှု သည် လျော်ကြေးပေးလျှင် လုံလောက်သည်ဟု ဆိုနိုင်သည်ဟု **ဦးမြမောင်နှင့် ဦးဝမ်စို(ခ)တန်ဝမ်စို ပါ-၇ အမှု**[10]တွင် လမ်းညွှန်ထုံးပြုထားသည်။

စည်ပင်သာယာရေးကော်မတီက ညှိနှိုင်း သတ်မှတ်ပေးသည့် နစ်နာကြေးကို ကာယကံရှင်များ က လက်မခံလျှင် နစ်နာသူသည် တည်ဆဲဥပဒေများ နှင့်အညီ နစ်နာကြေးရရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားနိုင်ကြောင်း ဖော်ပြထားသည်ဖြစ်ရာ ကော်မတီက နစ်နာကြေး သတ်မှတ်ပေးခြင်းသည် အပြီးသတ်မဟုတ်ကြောင်း အငြင်းပွားဖွယ်ရာမရှိချေ။ ထို့အတူ ယင်းပြဋ္ဌာန်းချက်အရပင်လျှင် နစ်နာသူ သည် တည်ဆဲဥပဒေနှင့်အညီ နစ်နာကြေးရရှိရန် တရားရုံးသို့ လျှောက်ထားနိုင်ကြောင်း ထင်ရှား သည်။ အမှန်အားဖြင့်လည်း နစ်နာကြေးငွေပေးစေ ခြင်းသည် တရားရုံး၏စီရင်ပိုင်ခွင့်အတွင်း ကျရောက် သည်။ အုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်မဟုတ်ချေ ဟု **ဒေါ်ငွေရှင် ပါ-၇ နှင့် ဦးခွေးလေး အမှု**[11] တွင် လမ်းညွှန်ထုံးပြုထားသည်။

တရားလိုက မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် သို့မဟုတ် မြေကွက်တန်ဖိုးနှင့် နစ်နာကြေး တောင်းဆိုလာပါက တရားလိုတောင်းဆိုသည့် သက်သာခွင့်နှစ်ရပ်အနက် မည်သည့်သက်သာခွင့်ကို ရထိုက်ကြောင်း တရားရုံးက စိစစ်ဆုံးဖြတ်ရန်ဖြစ် သည်ဟု **ဦးကျော်သူနှင့် ဦးဇော်ဝင်း အမှု**[12] တွင် လမ်းညွှန်ထုံးပြုထားသည်။

ယခုဆောင်းပါးတွင် စရန်ပေးစာချုပ် သို့မဟုတ် ရောင်းချရန်ပဋိညာဉ် ချိုးဖောက်ခြင်းအတွက် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုစွဲဆိုခြင်း ဆိုင်ရာ စီရင်ထုံးများ၊ စရန်ငွေပြန်ပေးသည့် စီရင်ထုံး များ၊ နစ်နာကြေးတောင်းဆိုသည့် စီရင်ထုံးများကို အလွယ်တကူ လေ့လာနိုင်စေရန် စုစည်းတင်ပြအပ် ပါသည်။ ။

၇။ ၂၀၀၁ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-၁၆၇၊ စာ-(၁၆၈)
၈။ ၁၉၆၄ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ -၁၉၅
၉။ ၂၀၀၁ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-(၂၅၉)၊ စာ-၂၆၀
၁၀။ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၅
၁၁။ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၄၄
၁၂။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ (ဒုတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲ




**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း အင်အား ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက သေနတ် ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများနှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်းတွင် လူထုအားကစားလှုပ်ရှားမှုအသွင်ဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပလျက်ရှိသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် ကယားပြည်နယ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**လွိုင်ကော် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ လူထုအားကစားလ ဒုတိယရက်သတ္တပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်က လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ စုရပ်ပြုလုပ်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လွိုင်ကော်) မှ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဆင်နွှဲကြသည်။

လူထု လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူများက ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်မှ စတင်ထွက်ခွာပြီး မြို့လယ်နာရီစင်မှ အမှတ်(၄)လမ်းမကြီးတစ်လျှောက် ဒေါ်ဥခူမီးပွိုင့်အထိ ဦးသီရိလမ်းမှ အမှတ်(၅)လမ်းမကြီးနှင့် နောင်ယားကန်ပတ်လမ်းများကို ဖြတ်သန်း၍ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ပြန်လည်စုစည်းကြသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)၊ ပညာရေးဒီဂရီကောလိပ်နှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကိုယ်လက်လှုပ်ရှားမှု သွေးပူလေ့ကျင့်ခန်းအတွဲ(၁)၊ အတွဲ(၂)နှင့် Fitness Dance သရုပ်ပြသမှုများကို ပါဝင်ဆင်နွှဲသူအားလုံးက စိတ်လက်ပျော်ရွှင်စွာဖြင့် အတူတကွ လိုက်ပါဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်အစိုးရအဖွဲ့က လူထုလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူအားလုံးကို နံနက်စာအဖြစ် မုန့်များ ကျွေးမွေးကြသည်။

**အင်အား ၂၅၀၀ ဆင်နွှဲ**

လူထုလမ်းလျှောက်ပွဲ ဒုတိယရက်သတ္တပတ်တွင် ပြည်နယ်ဝန်ကြီးများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်/ကျေးရွာအသီးသီးမှ ဒေသခံတိုင်းရင်းသားပြည်သူအင်အား ၂၅၀၀ ကျော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့ပြင် ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ပြည်နယ်ရွေးကောက်ပွဲအရာရှိ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






## စစ်တွေမြို့၌ ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ်ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ Physical Fitness Dance များကို စုပေါင်းဆောင်ရွက်လျက်ရှိရာ စစ်တွေမြို့တွင် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့မှ စတင်ကာ ဧည့ဝတီအားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲကြသည်။

**စုပေါင်းလမ်းလျှောက်**

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် နှင့် ပြည်နယ်ဝန်ကြီးများက စတင်ဖွင့်လှစ်ပေးပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်အတူ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။

**ကိုယ်လက်ကြံ့ခိုင်ရေး ဆောင်ရွက်**

ထို့နောက်ဧည့ဝတီအားကစားကွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အစီအစဉ်များကို စုပေါင်းလှုပ်ရှား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း( ပြန်/ဆက်)**



## ထားဝယ်မြို့၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ(ဒုတိယပတ်)ကို ယနေ့နံနက် ၅ နာရီခွဲက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပညာရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းပေါင်းစုံမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။

ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက တာလွှတ်၍ ဖွင့်လှစ်ပေးပြီး လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများက ရွှေဝယ်သီရိအားကစားကွင်းအတွင်း ၂ မိုင်ခွဲ စုပေါင်းလမ်းလျှောက်ကြကာ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၂)ကို စုပေါင်း၍ ပြုလုပ်ကြသည်။

ထို့နောက် စုပေါင်း လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများအား အာဟာရဖြည့်မုန့်များ ပေးဝေခဲ့ကြပြီး ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို အပတ်စဉ်စနေနေ့တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၀) သို့ တက်ရောက်ကြမည့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်း ရတနာများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ သွားရောက်တွေ့ဆုံကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက အမှာစကားများ ပြောကြားကြပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၀) သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း)၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းသည် ယနေ့တွင် တောင်ကြီးမြို့ရှိ ပြည်နယ်စိုက်ပျိုးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြောင်းလဲတိုးတက်လျက်ရှိသော စိုက်ပျိုးမွေးမြူရေး နည်းပညာများကို စဉ်ဆက်မပြတ် ဆည်းပူးရေး လေ့လာကြရန်၊ တောင်သူ လယ်သမားများ၏ အကျိုးရှေးရှု ဆောင်ရွက်ရန်နှင့် ဌာနအလိုက် သုတေသနနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက အောင်ပန်းသုတေသနခြံအတွင်း ကြည့်ရှုစစ်ဆေးပြီး အလားအလာကောင်း ပဲပုပ်မျိုးများနှင့် ဂျုံမျိုးများကို တောင်သူများ လက်ဝယ်အမြန်ရောက်ရှိရေး၊ တောင်သူများ ပူးပေါင်းပါဝင်သော မျိုးရွေးချယ် အတည်ပြုရေး လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် တွန်းအားပေး ဆောင်ရွက်ကြရန်နှင့် ပဲပုပ်မျိုးကူးစပ်မွေးမြူခြင်း သင်တန်းဖွင့်လှစ်ပေးရန်၊ မျိုးလိုအပ်ချက် မြင့်မားလျက်ရှိသော အာလူးသီးနှံအတွက် မျိုးအသစ်များ မွေးမြူထုတ်လုပ်ရေး သုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နိုင်စေရန်နှင့် ဒေသန္တရမျိုး အာလူးစိုက်ပျိုးမှု ကျယ်ပြန့်လာစေရေး အားစိုက်ဆောင်ရွက်ရန်၊ ယာစပါး မျိုးကူးစပ်မွေးမြူခြင်း၊ ပဲပုပ်မျိုးမွေးမြူရွေးချယ်ခြင်း လုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တောင်ကြီးမြို့နယ် သံသေကျေးရွာ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ အာလူး၊ နေကြာ၊ ပဲပုပ်သီးနှံများ ဈေးကွက်ရရှိရေး၊ မျိုးစေ့ထုတ်ရွာ တည်ထောင်နိုင်ရေး၊ ပညာရှင်များနှင့်အတူ ဒေသန္တရမျိုးစေ့စနစ် တည်ထောင်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကလောမြို့နယ် ဟဲဟိုးမျိုးသန့်ခြံ သင်တန်းခန်းမ၌ ကျင်းပသည့် တောင်သူနည်းပညာ ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ပညာရှင်များက ပဲပုပ်သီးနှံဖွံ့ဖြိုးတိုးတက်ရေး၊ နေကြာသီးနှံဖွံ့ဖြိုးတိုးတက်ရေး၊ အာလူးသီးနှံဖွံ့ဖြိုးတိုးတက်ရေး၊ ကော်ဖီသီးနှံဖွံ့ဖြိုးတိုးတက်ရေး၊ ပိုးသတ်ဆေးဓာတ်ကြွင်းလျှော့ချရေး၊ မြေဆီလွှာစီမံခန့်ခွဲရေး၊ စိုက်ပျိုးရေစီမံခန့်ခွဲရေး၊ တီမွေးမြူရေး စသည့်နည်းပညာများကို မျှဝေဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဒီဇင်ဘာလ (ဒုတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**ဟိုပုံး ဒီဇင်ဘာ ၁၃**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထု ပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဒီဇင်ဘာလ (ဒုတိယပတ်) လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် ကျင်းပရာ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီးရှေ့မှစတင်၍ ဟိုပုံး-ဆီဆိုင် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှတစ်ဆင့် ဟိုပုံး-လွိုင်လင် ပြည်ထောင်စု လမ်းမကြီး အတိုင်း စုပေါင်းလမ်းလျှောက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ကိုယ်လက်ကြံ့ခိုင်ရေး အတွဲ(၁)၊ အတွဲ(၂)နှင့် Fitness dance အကများဖြင့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# ရှမ်းပြည်နယ်(တောင်ပိုင်း)မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအားတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွန်းနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ်၌ မဲရုံပတ်ဝန်းကျင်အနီး မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပွားစေရေး ဒီဇင်ဘာ ၁၃ ရက်က တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**






*✳ ကျောဖုံးမှ*

ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Rajamangla Auditorium Rajamangla University of Technology Thanyaburi ၌ ကျင်းပလျက်ရှိသည့် ဂျူဒိုအားကစားနည်း အမျိုးသား၊ အမျိုးသမီး –၈၁၊ –၉၀၊ –၁၀၀၊ –၇၈ နှင့် +၇၈ ကီလိုတန်းပြိုင်ပွဲများတွင် မြန်မာ အားကစားသမားများ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ Shooting Range, Sports Authority of Thailand, Bangkok ၌ ကျင်းပလျက်ရှိသည့် သေနတ်ပစ်အားကစားနည်း အမျိုးသမီး ၁၀ မီတာရိုင်ဖယ်တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် မြန်မာ အားကစားသမားများ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

မြန်မာအသင်း အနေဖြင့် ရေကူးအားကစားနည်း အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲများ၊ ကရာတေးအားကစားနည်း အမျိုးသား၊ အမျိုးသမီး ၆၁၊ ၇၅၊ ၆၈ ကီလိုအောက်ပြိုင်ပွဲများ၊ သေနတ်ပစ်အားကစားနည်း အမျိုးသမီး ၁၀ မီတာရိုင်ဖယ် တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ၊ စားပွဲတင်တင်းနစ်အားကစားနည်း အမျိုးသား အသင်းလိုက်ပြိုင်ပွဲများ၊ တိုက်ကွမ်ဒိုအားကစားနည်း အမျိုးသား၊ အမျိုးသမီး အတိုက် –၅၇၊ –၆၂၊ –၆၃၊ –၇၄ ကီလိုတန်းပြိုင်ပွဲများ၊ ပန်ကြပ်ဆီလပ် အားကစားနည်း အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း (Tunggal) အပြပြိုင်ပွဲနှင့် အမျိုးသား သုံးယောက်တွဲ အသင်းလိုက် (Regu) အပြပြိုင်ပွဲများ၊ ဝူရှူးအားကစားနည်း အမျိုးသား၊ အမျိုးသမီး ချန်းချွမ်၊ ထိုက်ချီချွမ်၊ အတွဲတိုက် (လက်နက်)၊ နန်းချွမ်၊ သောင်းစုအတွဲတိုက် (လက်နက်မဲ့)၊ ဆန်းဆို ၆၅ နှင့် ၇၀ ကီလိုအတိုက်ပြိုင်ပွဲများ၊ ဘိလိယက်နှင့် စနူကာအားကစားနည်း အမျိုးသား စနူကာအသင်းလိုက် ပြိုင်ပွဲနှင့် ဘိလိယက်အသင်း လိုက်ပြိုင်ပွဲများ၊ ဘော်လီဘောအားကစားနည်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ၊ ကဘာဒီအားကစားနည်း အမျိုးသား Standard Style Kabaddi ပြိုင်ပွဲများ၊ ဂျူဒိုအားကစားနည်း အမျိုးသား၊ အမျိုးသမီး –၈၁၊ –၉၀၊ –၁၀၀၊ –၇၈ နှင့် +၇၈ ကီလိုတန်းပြိုင်ပွဲများ၊ ဖူဆယ်အားကစားနည်း အမျိုးသမီးပြိုင်ပွဲ၊ ဘတ်စကက်ဘော အမျိုးသား ၅ ယောက်တွဲပြိုင်ပွဲ၊ မွေအားကစားနည်း အမျိုးသား၊ အမျိုးသမီး ၄၈၊ ၅၄၊ ၆၀ နှင့် ၇၅ ကီလိုတန်းပြိုင်ပွဲများ၊ လက်ဝှေ့အားကစားနည်း အမျိုးသား ၆၉ ကီလိုတန်းပြိုင်ပွဲ၊ ကစ်ဘောင်ဆင် အားကစားနည်း အမျိုးသား၊ အမျိုးသမီး –၆၃၊ –၅၀ ကီလိုတန်း Point Fighting ပြိုင်ပွဲ နှင့် –၅၁၊ –၄၈ ကီလိုတန်း Low Kick ပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသား၊ အမျိုးသမီး သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲများ၊ ပြေးခုန်ပစ်အားကစားနည်း အမျိုးသား သံလုံးပစ်ပြိုင်ပွဲနှင့် မီတာ ၈၀၀ ပြိုင်ပွဲများ၊ E-sports အားကစားနည်းအမျိုးသားအသင်းလိုက် (MLBB) ပြိုင်ပွဲနှင့် FC Online Team ပြိုင်ပွဲများ၊ ဂေါက်သီးရိုက်အားကစားနည်း အမျိုးသား တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ၊ အလေးမအားကစားနည်း အမျိုးသမီး ၄၈ နှင့် ၅၃ ကီလိုတန်းပြိုင်ပွဲများ၊ ရွက်လှေအားကစားနည်း အမျိုးသား၊ အမျိုးသမီး Girl's Optimist၊ Men's IlCA7၊ Boy's ILCA4၊ Boy's Optimist ပြိုင်ပွဲများ၊ တက်ဂ်ဘောအားကစားနည်း အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲနှင့် အမျိုးသားနှင့် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ၊ မြင်းစီးအားကစားနည်း အမျိုးသား (Dressage Test၊ Jumping Test၊ Country Test) တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဒီဇင်ဘာ ၁၃ ရက် ပြိုင်ပွဲပွဲစဉ်များဖြစ်သည့် တက်ဂ်ဘောအားကစားနည်း အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ နိုင်နိုင်ဝင်းနှင့် ဆုမွန်အောင်တို့အတွဲက ငွေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ကိုကိုလွင်နှင့် နိုင်နိုင်ဝင်းတို့အတွဲက ငွေတံဆိပ်ဆုကို လည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ဂျူဒိုအားကစားနည်း –၇၈ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာအသင်းမှ ငွေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည့် အေးအေးအောင်၊ ယမန်နေ့က ယှဉ်ပြိုင်ခဲ့သော –၅၅ ကီလိုတန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသည့် ထိုက်ထိုက်ကျော်၊ ခတ (Tori) ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် လရောင်လျှံ၊ လှိုင်မင်းခန့်တို့ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

တိုက်ကွမ်ဒိုအားကစားနည်း –၆၂ ကီလိုတန်း ပြိုင်ပွဲတွင် နန်းသုန္ဒရီကောင်းနှင့် –၅၇ ကီလိုတန်း ပြိုင်ပွဲတွင် မိုးမြင့်မြတ်တို့က ကြေးတံဆိပ်ဆုများ၊ ဘိလိယက်နှင့် စနူကာ အားကစားနည်း စနူကာ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဘုန်းမြင့်ကျော်၊ ဝင်းကိုကိုနှင့် ကျော်ဝေယံစိုးတို့အတွဲက ကြေးတံဆိပ်ဆု၊ ကရာတေးအားကစားနည်း အမျိုးသမီး တစ်ဦးချင်း ကုမိတဲ့ ၆၁ ကီလိုအောက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ တင်ဇာယွန်းက အရှေ့တီမောအားကစားသမားအား လေးမှတ်ပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကြေးတံဆိပ်ဆုနှင့် အလေးမအားကစားနည်း အမျိုးသမီး ၅၃ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာအသင်းမှ နော်တဘိုးရာက ကြေးတံဆိပ်ဆု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ယမန်နေ့ ပြိုင်ပွဲတွင် တက်ဂ်ဘောအားကစားနည်းမှ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၌ မြန်မာအသင်းမှ စောဖရိုက်ဒေးနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆုမွန်အောင်တို့က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ တိုက်ကွမ်ဒိုအားကစားနည်းမှ အမျိုးသား –၆၈ ကီလိုတန်း ပြိုင်ပွဲတွင် ဟိန်းထက်သူနှင့် –၈၀ ကီလိုတန်း ပြိုင်ပွဲတွင် ဇော်လင်းထက်တို့က ကြေးတံဆိပ်ဆုများကို လည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့သည်။

(၃၃) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၏ ဒီဇင်ဘာ ၁၃ ရက် ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ၂ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၆ ခု၊ စုစုပေါင်း ဆုတံဆိပ် ၃၀ ဖြင့် နိုင်ငံအလိုက် အဆင့် ၇ တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ**

၁၃–၁၂–၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၉၅ | ၆၀ | ၃၉ | ၁၉၄ |
| ၂ | အင်ဒိုနီးရှား | ၃၁ | ၄၃ | ၃၆ | ၁၁၀ |
| ၃ | ဗီယက်နမ် | ၃၀ | ၂၉ | ၅၄ | ၁၁၃ |
| ၄ | စင်ကာပူ | ၁၉ | ၁၉ | ၂၅ | ၆၃ |
| ၅ | မလေးရှား | ၁၆ | ၁၅ | ၄၈ | ၇၉ |
| ၆ | ဖိလစ်ပိုင် | ၁၅ | ၂၃ | ၅၂ | ၉၀ |
| ၇ | မြန်မာ | ၂ | ၁၂ | ၁၆ | ၃၀ |
| ၈ | လာအို | ၂ | ၃ | ၁၃ | ၁၈ |
| ၉ | ဘရူနိုင်း | ၀ | ၁ | ၄ | ၅ |
| ၁၀ | တီမော | ၀ | ၀ | ၂ | ၂ |

# (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်(၄)ဆု၊ ကြေးတံဆိပ် (၄) ဆုရရှိခဲ့သည့် ကနူး/ကယက်၊ တိုက်ကွမ်ဒိုနှင့် ဂျူဒိုအားကစားအဖွဲ့များ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကနူး/ကယက်အားကစားနည်းမှ ကနူးအမျိုးသားတစ်ယောက်လှော် မီတာ (၅၀၀) ပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်လှော် မီတာ (၂၀၀) ပြိုင်ပွဲ၊ အမျိုးသားလေးယောက်လှော် မီတာ (၂၀၀) ပြိုင်ပွဲများတွင် ငွေတံဆိပ် သုံးဆုရရှိခဲ့သည့် မျိုးလှိုင်ဝင်း၊ တိုက်ကွမ်ဒိုအားကစားနည်းမှ –67kg အတိုက်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုရရှိသော မကေသွယ်မွန်လင်း၊ 80kg အတိုက်ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော မောင်ဇော်လင်းထက်၊ –68kg အတိုက်ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော မောင်ဟိန်းထက်သူ၊ ဂျူဒိုအားကစားနည်းမှ အမျိုးသား ၅၅ Kg ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော ထိုက်ထိုက်ကျော်၊ အမျိုးသား နှစ်ယောက်တွဲ "ခတ" ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော လှိုင်မင်းခန့်နှင့် အားကစားအဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI) ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် နိုင်ငံကိုယ်စားပြု စစ်တုရင်အားကစားသမားများ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများသည် အားကစားနည်း (၃၈) မျိုးဖြင့် သက်ဆိုင်ရာ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် စစ်တုရင်အားကစားသမားများသည် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။



ဦးဝင်းကြိုင်



မမေဆုလွင်



မမေဆက်လွင်

"စစ်တုရင်အားကစားမှာ အုပ်ချုပ်သူ တစ်ဦးနဲ့ ကစားသမားရှစ်ဦးပါဝင်ပါတယ်။ အဲဒီမှာ အမျိုးသားသုံးဦးနဲ့ အမျိုးသမီးငါးဦး ပါဝင်ပါတယ်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှာ စတင်မှာပါ။ ဒီပြိုင်ပွဲအတွက် လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကစပြီး ပြိုင်ပွဲတွေ ပြုလုပ်ပြီး လက်ရွေးစင်တွေကို ရွေးချယ်ခဲ့ပါတယ်။ ရိုးရာကစားနည်း မဟုတ်တဲ့အတွက် အခက်အခဲတွေ ရှိပေမယ့် အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ စစ်တုရင်ပြိုင်ပွဲမှာ ထိုင်းရိုးရာစစ်တုရင်နဲ့ အာဆီယံရိုးရာစစ်တုရင်ဆိုပြီး ယှဉ်ပြိုင်ရမှာပါ။ ဒါကြောင့် အချိန်ယူပြီး အထူးလေ့ကျင့်ခဲ့ရပါတယ်" ဟု စစ်တုရင်အားကစားအဖွဲ့၏အုပ်ချုပ်သူ ဦးဝင်းကြိုင်က ပြောကြားသည်။

စစ်တုရင် အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ မြန်မာနိုင်ငံကိုယ်စားပြု စစ်တုရင်အားကစားအဖွဲ့သည် ထိုင်းရိုးရာစစ်တုရင်ပြိုင်ပွဲ၌ အမျိုးသား နှစ်ယောက်တွဲ၊ အာဆီယံစစ်တုရင်ပြိုင်ပွဲ၌ အမျိုးသမီး လေးယောက်တွဲ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"စစ်တုရင်အားကစားကို ဝါသနာပါတဲ့အတွက် ငယ်စဉ်ကတည်းက မိဘနှစ်ပါးက သင်ကြားပေးခဲ့ပါတယ်။ တက္ကသိုလ်တက်တဲ့အချိန်မှာတော့ ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ကစားဖြစ်တယ်။ ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေရခဲ့ပါတယ်။ အခုပြိုင်ပွဲမှာ အဓိကပြိုင်ဘက်က ဗီယက်နမ်နဲ့ ဖိလစ်ပိုင်ပါ။ သေချာပြင်ဆင်ထားတဲ့အတွက် အမြင့်ဆုံးရွှေဆုကို မှန်းထားပါတယ်" ဟု နိုင်ငံကိုယ်စားပြု စစ်တုရင်အားကစားအဖွဲ့တွင် ပါဝင်သည့် မမေဆုလွင်က ပြောသည်။

၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု အားကစားသမားများသည် စစ်တုရင်ကစားနည်းဖြင့် ကြေးနှစ်ဆု ဆွတ်ခူးရရှိထားသည်။

"ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်မှုတွေ ကြိုတင်လုပ်ဆောင်ထားခဲ့ပါတယ်။ AI နဲ့လည်း လေ့ကျင့်တယ်၊ အဖွဲ့နဲ့လည်း လေ့ကျင့်တယ်။ အပြင်ကလပ်မှာလည်း လေ့ကျင့်တယ်။ အခု ပြိုင်ပွဲမှာတော့ လေးယောက်တွဲအသင်းလိုက် ယှဉ်ပြိုင်ရမှာပါ။ အကောင်းဆုံးကြိုးစားထားတာဖြစ်တဲ့အတွက် အခုပြိုင်ပွဲကနေ နိုင်ငံ့ဂုဏ်ဆောင်အဖြစ် ထိုက်တန်တဲ့ရလဒ်ရရှိအောင် ကြိုးစားမှာပါ" ဟု နိုင်ငံကိုယ်စားပြု စစ်တုရင်အားကစားအဖွဲ့တွင် ပါဝင်သည့် မမေဆက်လွင်က ပြောသည်။

**သစ္စာ(MNA)**
**ဓာတ်ပုံ-ဇွဲမာန်**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြောင်းရွှေ့ရောက်ရှိလာသည့် နေရပ်စွန့်ခွာရောက်ရှိလာသူများအား အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းထွန်းက အမှာစကားပြောကြားပြီး နေရပ်စွန့်ခွာ ရောက်ရှိလာသူ ရပ်ကွက် ၈ ရပ်ကွက်မှ လူဦးရေ ၃၇၉ ဦးတို့အတွက် တစ်ဦးလျှင် တစ်လ ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် သုံးလစာငွေကျပ် ၆၀၀၀၀ ကို တာဝန်ရှိသူများက ကာယကံရှင်များထံသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ကျော်စိုးမိုး**
**(မင်္ဂလာတောင်ညွန့်)**



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် မဟာအောင်မြေမြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေး ဒီဇင်ဘာ ၁၃ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွှန့်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ အသိပညာပေးဆောင်ရွက်နေမှုကို တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M–5 & M–6 ရှိ ရတနာစီမံကိန်းတွင် Side Scan Sonar(SSS) Survey and Associated Studies, MOGE 24" Domestic Pipeline Route Survey နှင့် လုပ်ကွက်အမှတ် M–9 ရှိ ဇောတိကစီမံကိန်းတို့တွင် Pipeline Route Survey လုပ်ငန်းများ ဆောင်ရွက်သွားမည့်တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Block M5, M6 (Side Scan Sonar Survey Locations) Carb–A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃မိနစ် ၂၁.၄၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၄၀.၆၁ စက္ကန့်၊ Carb–F မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၅၀.၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၃.၃၆ စက္ကန့်၊ Carb–1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅.၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၄၈.၂၀ စက္ကန့်၊ Block M9 (Pipeline Route Survey Locations) Line 1 (Start) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၂၆.၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၁၇.၈၇ စက္ကန့်၊ Line 1 (End) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၅၅.၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၂၄.၀၂ စက္ကန့်၊ Line 2 (Start) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၃၃.၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၇ မိနစ် ၄၈.၈၂ စက္ကန့်၊ Line 2 (End) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၅၅.၆၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၂၄.၈၇ စက္ကန့်၊ Line 3 (Start) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၅၅.၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၂၄.၈၇ စက္ကန့်၊ Line 3 (End) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၄၀.၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၁၉.၁၆ စက္ကန့်၊ Line 4 (Start) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ် ၀၆.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၃ မိနစ် ၅၄.၈၅ စက္ကန့်နှင့် Line 4 (End) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၄.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၅၁.၀၀ စက္ကန့်တို့အတွင်းတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M–5 & M–6 ရှိ ရတနာစီမံကိန်းတွင် Side Scan Sonar(SSS) Survey and Associated Studies, MOGE 24 " Domestic Pipeline Route Survey နှင့် လုပ်ကွက်အမှတ် M–9 ရှိ ဇောတိကစီမံကိန်းတို့တွင် Pipeline Route Survey လုပ်ငန်းများအား MV.HAI DUONG 86 ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**



ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ ကရင်ပြည်နယ် မြဝတီမြို့ရှိ ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေးအတွက် ဒီဇင်ဘာ ၁၂ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မော်အောင် ကြီးကြပ်၍ ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်းကာ မြဝတီမြို့ရှိ အမှတ်(၁) ထိုင်း - မြန်မာ ချစ်ကြည်ရေးတံတားရှိ ခရီးသွားမော်တော်ယာဉ်များ၊ ယာဉ်လိုင်းဂိတ်များတွင် "ဒို့အတူတူမဲပေးကြမယ်" ဗီနိုင်း၊ စတစ်ကာများ ကပ်ထားဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲလှုံ့ဆော်ရေး အသိပညာပေးဆောင်ရွက်စဉ်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

✪ *ကျောဖုံးမှ*

ဂျီရိုနာအသင်းသည် ယခုအနိုင်ပွဲကြောင့် ပြိုင်ပွဲစုံ လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်နိုင်ခဲ့သည်။ အဆိုပါပွဲစဉ်မှာ ဂျီရိုနာအသင်းအတွက် ထိုက်တန်သည့် နိုင်ပွဲရလဒ်တစ်ခုဖြစ်သော်လည်း ပြိုင်ဘက်ဆိုစီဒက်အသင်းအတွက် နှစ်ပွဲဆက်ရှုံးနိမ့်မှုနှင့်အတူ ဖိအားများစေသည့် ရလဒ်တစ်ခုဖြစ်ခဲ့သည်။ ထို့အပြင် ဂျီရိုနာအသင်း၏ အနိုင်ရရှိမှုမှာ ယခုနှစ်ရာသီ လာလီဂါတွင် ပထမဆုံးအဝေးကွင်းနိုင်ပွဲ ရရှိမှုလည်း ဖြစ်သည်။

ဂျီရိုနာအသင်းအတွက် သွင်းဂိုးများကို ယူကရိန်းတိုက်စစ်ကစားသမား ဗစ်တာဇိုင်ကန်ကော့ဗ် တစ်ဦးတည်းက ပွဲကစားချိန် ၇၆ မိနစ်နှင့် ၈၄ မိနစ်တွင် သွင်းယူနိုင်ခဲ့သည်။ ဆိုစီဒက်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် တန်းဆင်းဇုန်အသင်းနှင့် ရမှတ်ကွာဟမှု အနည်းငယ်သာရှိတော့သည့်အတွက် လာမည့်ပွဲစဉ်များတွင် မဖြစ်မနေရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည်ဖြစ်သည်။

**အောင်ဇော်**

# မြန်မာ့မီးရထားပိုင် ရထားသံလမ်းဆက်ပြား၊ သံလမ်းဆက်မူလီများနှင့် သံလမ်းထိန်းကလစ်များ ဖြုတ်ယူဖျက်ဆီးမှုကြောင့် မန္တလေး-ရန်ကုန်ရထားလမ်းပိုင်းအတွင်း မြို့ဟောင်းမှ သီလဝါခရီးစဉ်ပြေးဆွဲသောကုန်ရထားလမ်းချော်မှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မြို့ဟောင်းမှ ရန်ကုန်တိုင်းဒေသကြီး သီလဝါခရီးစဉ်အဖြစ် ယနေ့နံနက် ၁ နာရီ ၉ မိနစ်အချိန် စမုံဘူတာမှထွက်ခွာလာသည့် အမှတ်(၉၀၂) အစုန်ကုန်ရထားသည် နံနက် ၁ နာရီ ၁၈ မိနစ်၌ ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင် အမှတ် (၃၂၇/၁၂-၁၁)ရှိ ပေ ၈၀ ကွန်ကရစ်ပေါင် တံတားအမှတ် ၆၈၇/A အရောက်တွင် မန္တလေးဘက်တံတား အဝင်ထိပ်နေရာနှင့် သံလမ်းဆက်အတွင်း အခြားတစ်နေရာ စုစုပေါင်း နှစ်နေရာရှိ ရထားသံလမ်း ဆက်ပြားနှင့် သံလမ်းဆက်မူလီ (Bolt &Nut) များ၊ ကွန်ကရစ်ဇလီဖားတုံးနှင့် သံလမ်းအား ချိတ်ဆက်သည့် သံလမ်းထိန်း ကလစ်များအား မသမာသူများက ရထားလမ်းချော်မှုဖြစ်ပွားစေရေး ယုတ်မာပက်စက်သောအကြံဖြင့် ဖြုတ်ယူဖျက်ဆီးခဲ့မှုကြောင့် လမ်းချော်ကျခဲ့သဖြင့် ရထားတွဲဆိုင်းပါ စက်ခေါင်းနောက် ၁၅ တွဲ မြောက်မှ ၁၇ တွဲမြောက်အထိ ကုန်အပြည့်တင်ဆောင်ထားသည့် အလုံပိတ်ကုန်တွဲ နှစ်တွဲနှင့် ဘရိတ်တွဲတစ်တွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

ရထားလမ်းချော်ကျမှုကြောင့် စမုံ-သဲတော အစုန်ရထားလမ်းပိုင်းအား ယနေ့ နံနက် ၁ နာရီခွဲတွင် ယာယီပိတ်ထားခဲ့ရပြီး လမ်းချော်ကြသည့် တွဲသုံးတွဲကို မတင်ခြင်းဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ပြီးစီးခဲ့ပြီး ပျက်စီးသွားသော ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးတပ်ဆင်ခြင်းကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့သဖြင့် အမှတ်(၉၀၂) အစုန် ကုန်ရထားသည် မွန်းလွဲ ၂ နာရီခွဲတွင် သီလဝါသို့ ဆက်လက်ထွက်ခွာသွားကြောင်းနှင့် လမ်းပိုင်းကို ယနေ့မွန်းလွဲ ၂ နာရီ ၄၁ မိနစ်တွင် ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲလျက်ရှိသည်။





ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁)၌ သံလမ်းဆက်ပြား၊ မူလီများနှင့် သံလမ်းထိန်းကလစ်များကို အစုံလိုက်ဖြုတ်ယူဖျက်ဆီးထားမှုမှတ်တမ်းဓာတ်ပုံ။



ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁) ၌ ကွန်ကရစ်ဇလီဖားတုံးများနှင့် သံလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ။



ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁) ၌ အမှတ်(၉၀၂) အစုန်ကုန်ရထားလမ်းချော်မှုအား ပြန်လည်မတင်နေစဉ်။

အဆိုပါလုပ်ရပ်သည် ရထားစီးခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ကုန်စည်ပို့ဆောင်မှုကိုပါ ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားစွာ ကြုံတွေ့ရနိုင်သည့် စက်ဆုပ် ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခု ဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မသမာသူများ၏ လုပ်ရပ်အားတွေ့ရှိပါက ရထားမတော်တဆမှုများ ကာကွယ်နိုင်ရန် သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြားသွားရန် လိုအပ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ဂ) အရ ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့် သက်ဆိုင်သည့် မည်သည့်ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ် မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်းသိရှိရပြီး ယခုဖြစ်စဉ်နှင့် ပတ်သက်၍ အမှုဖွင့်လှစ်ထားရှိကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**သတင်းစဉ်**



မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့ K K Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၄ လုံး စုစုပေါင်းတရားမဝင်အဆောက်အအုံ ၁၅ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၁၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း မြဝတီမြို့၊ အမှတ်(၅) ရပ်ကွက်အတွင်းရှိအဆောက်အအုံတစ်လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် All in One ကွန်ပျူတာအလုံး ၃၀ တို့ကို စစ်ဆေးဖော်ထုတ် သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြဝတီမြို့ အမှတ်(၅) ရပ်ကွက်အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများ သိမ်းဆည်းရမိစဉ်။

# လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီ၌ ၁၄ နှစ်ကြာ ပိတ်ထားသော အမျိုးသားပြတိုက် ပြန်လည်ဖွင့်လှစ်

**ထရီပိုလီ ဒီဇင်ဘာ ၁၃**

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီရှိ သမိုင်းဝင် ရဲတိုက်နီ အဆောက်အအုံဝင်းအတွင်း တည်ရှိသည့် အမျိုးသားပြတိုက်ကို ဒီဇင်ဘာ ၁၂ ရက်တွင် ပြန်လည်ဖွင့်လိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ပြတိုက်ကို ၁၄ နှစ်ကြာ ပိတ်ထားခြင်း ဖြစ်ပြီး ယခုကဲ့သို့ ပြန်လည်ဖွင့်လှစ်လိုက်ခြင်းမှာ အရေးပါသော ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်ဒြပ် တစ်ခုကို ထုတ်ဖော်ပြသရာ ရောက်သည်ဟု ဆိုသည်။ အမျိုးသားပြတိုက်ဖွင့်ပွဲသို့ နိုင်ငံတော် ထိပ်တန်းအရာရှိများ၊ သံအမတ်များ၊ လစ်ဗျားနိုင်ငံဆိုင်ရာ သံတမန်မစ်ရှင်အဖွဲ့အကြီးအကဲများ၊ အာရပ်ကမ္ဘာတစ်ဝန်းမှ ထင်ရှားကျော်ကြားသည့် အနုပညာရှင်များနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။

လစ်ဗျားဝန်ကြီးချုပ် အဗ္ဗဒူလ်ဟာမစ်ဒီဘီဘာ၏ အဖွင့်မိန့်ခွန်းတွင် အဆိုပါ ပြတိုက်သည် ရိုးရှင်းသော ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ထားသိုရာထက်ပိုလွန်သော လေးနက်သည့် အဓိပ္ပာယ်ရှိကြောင်း ထည့်သွင်းပြောကြားသည်။ အမျိုးသားပြတိုက်တွင် လစ်ဗျားနိုင်ငံ၏ ရှေးဟောင်းသုတေသနပစ္စည်းအမျိုးမျိုးကို စုစည်းပြသထားသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ဒီဘီဘာနှင့် အရာရှိများက နိုင်ငံတစ်ဝန်းရှိ သမိုင်းဝင်နေရာများနှင့် အထင်ကရအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံရန် ရည်ရွယ်သည့် အစီအစဉ်များကို ဆက်လက်ကူညီ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အစိုးရ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

ဆင်ဟွာ



မြို့တော် ထရီပိုလီရှိ အမျိုးသားပြတိုက်ပြန်လည်ဖွင့်လှစ်မှုကို ဒီဇင်ဘာ ၁၂ ရက်က တွေ့ရစဉ်။

## အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးစွဲသူ ၆၀ ပြန်လည်ထူထောင်ရေး ပြုလုပ်ပြီးနောက် မိသားစုများထံ ပြန်လည်ရောက်ရှိ

**ကဘူးလ် ဒီဇင်ဘာ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟေရတ်ပြည်နယ်၌ မူးယစ်ဆေးစွဲသူစုစုပေါင်း ၆၀ မှာ အပြည့်အဝ ပြန်လည်ထူထောင်ရေးများ ပြုလုပ်ပြီးနောက် မိသားစုဝင်များထံ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း တရားဝင်မီဒီယာ အာဖဂန်နစ္စတန် ရေဒီယိုနှင့် ရုပ်မြင်သံကြား (အာတီအေ) က ဒီဇင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်လအနည်းငယ်က ပြည်နယ်တစ်ဝန်းမှ ယခင်မူးယစ်ဆေးစွဲသူများကို စုစည်းခဲ့ပြီး ကာ ပြန်လည်ထူထောင်ရေး ပြန်လည်ထူထောင်ရေး စင်တာ တစ်ခု၌ ဆေးကုသမှုခံယူစေခဲ့ကြောင်း၊ ၎င်းတို့အားလုံးကို လူ့အဖွဲ့အစည်းသို့ ပြန်လည်ပေါင်းစည်းရန် နေအိမ်သို့ မကြာသေးမီက ပို့ဆောင်ပေးခဲ့ကြောင်း အာတီအေက ပြောကြားသည်။

ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် အစိုးရသည် ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းတို့ကို တားမြစ်ထားပြီး မူးယစ်ဆေးစွဲသူများကို စုစည်းကာ ပြန်လည်ထူထောင်ရေး စင်တာများသို့ ပို့ဆောင်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့် လေးနှစ်ကျော်အတွင်း ထောင်နှင့်ချီသည့် မူးယစ်ဆေးစွဲသူများသည် ဆေးကုသမှုခံယူခဲ့ပြီး ၎င်းတို့၏ မိသားစုများထံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ဟီရတ်ပြည်နယ်တစ်ခုတည်းတွင် မူးယစ်ဆေးသုံးစွဲသူ စုစုပေါင်း ၃၅၀၀၀ မှာပြန်လည်ထူထောင်ရေး အစီအစဉ်များ ပြီးမြောက်ခဲ့သဖြင့် မိသားစုများထံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဆင်ဟွာ

## တောင်ဆူဒန်နိုင်ငံ၌ လာမည့်နှစ်အတွင်း လူပေါင်း ၇ သန်းကျော် စားနပ်ရိက္ခာမဖူလုံမှုနှင့် ဆိုးရွားစွာ ကြုံတွေ့ရဖွယ်ရှိ

**ကျူဘား ဒီဇင်ဘာ ၁၃**

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) သည် တောင်ဆူဒန်နိုင်ငံတစ်ဝန်း စားနပ်ရိက္ခာမဖူလုံမှုနှင့် ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့နေရသော လူပေါင်းများစွာကို ထောက်ပံ့ကူညီပေးနိုင်ရန် ရန်ပုံငွေ ၃၃ သန်းရရှိထားကြောင်း ဒီဇင်ဘာ ၁၂ ရက်က ပြောသည်။

ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်အစိုးရ ရင်းနှီးမြှုပ်နှံမှုများသည် ဆာလောင်ငတ်မွတ်မှုအဆုံးသတ်ရန် အခြေခံအုတ်မြစ်များ ဖြစ်သော်လည်း ယခုရရှိသည့် ရန်ပုံငွေမှာ ယခုနှစ်အတွင်း စားနပ်ရိက္ခာ ပြတ်တောက်မှုနှင့် ဆိုးရွားစွာကြုံတွေ့နေသူများထံ ထောက်ပံ့ပေးနိုင်ရေး ကြိုးပမ်းအားထုတ်မှုများကို သိသိသာသာ ပိုအားကောင်းစေမည်ဟု ဒဗလျူအက်ဖ်ပီ၏ တောင်ဆူဒန်နိုင်ငံဆိုင်ရာ မေရီအယ်လင်း မက်ဂရိုတီက ပြောသည်။

လာမည့်နှစ် ဧပြီလနှင့် ဇူလိုင်လအတွင်း လူပေါင်း ၇ ဒသမ ၅၆ သန်းခန့်မှာ စားနပ်ရိက္ခာမဖူလုံမှုနှင့် ဆိုးရွားစွာကြုံတွေ့နိုင်ခြေရှိသောကြောင့် ယခုရန်ပုံငွေရရှိမှုမှာ အချိန်မီရရှိသည့် ရန်ပုံငွေများဖြစ်ကြောင်း ဒဗလျူအက်ဖ်ပီက ပြောသည်။ တောင်ဆူဒန်နိုင်ငံတွင် စားနပ်ရိက္ခာမဖူလုံရခြင်း၏ အဓိကအကြောင်းရင်းများမှာ ပဋိပက္ခဖြစ်ပွားခြင်း၊ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်မှုကျဆင်းခြင်းနှင့် စီးပွားရေးစိန်ခေါ်မှုများကြောင့် ဖြစ်ကြောင်း အေဂျင်စီက မှတ်ချက်ပြုပြောသည်။

တောင်ဆူဒန်နိုင်ငံ၌ လတ်တလောတွင်အာဟာရချို့တဲ့မှုများဖြစ်ပွားလျက်ရှိပြီး အသက်ငါးနှစ်ကလေးငယ် ၂ ဒသမ ၁ သန်းအပြင် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် တစ်သန်းကျော်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဆေးဘက်ဆိုင်ရာကယ်တင်ရေးအစီအစဉ်ကို စောင့်ဆိုင်းရင်း ဂါဇာ၌ သေဆုံးသည့် လူနာ ၁၀၉၂ ဦးရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ ဒီဇင်ဘာ ၁၃**

၂၀၂၄ ခုနှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်အထိ ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးအစီအစဉ်ကို စောင့်ဆိုင်းရင်း ဂါဇာဒေသ၌ သေဆုံးသွားသည့် လူနာ ၁၀၉၂ ဦး ဝန်းကျင်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပါလက်စတိုင်းဒေသဆိုင်ရာ ကိုယ်စားလှယ် ရစ်ခ်ပီပါခွန်က ဒီဇင်ဘာ ၁၂ ရက်တွင် ကုလသမဂ္ဂဌာနချုပ်၌ သတင်းထောက်များကို ပြောကြားသည်။

အဆိုပါကိန်းဂဏန်းသည် အစီရင်ခံထားသည့် သေဆုံးမှုများကိုသာ တွက်ချက်ထားခြင်းဖြစ်သည့်အတွက် အတိအကျမဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂါဇာဒေသရှိ ဆေးရုံ ၃၆ ရုံအနက် ၁၈ ရုံ နှင့် မူလကျန်းမာရေးဌာန ၄၃ ရာခိုင်နှုန်းသည် တစ်စိတ်တစ်ပိုင်း လည်ပတ်နေပြီး အဓိကဆေးဝါးများနှင့် နှလုံးရောဂါကုသမှုအတွက် မရှိမဖြစ်လိုအပ်သည့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ ဆိုးဆိုးရွားရွား ပြတ်လပ်နေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂါဇာ ကမ်းမြောင်ဒေသသို့ ထောက်ပံ့မှုနှုန်းထားများ တိုးတက်လာသော်လည်း ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာများ ပို့ဆောင်ပေးမှု လုပ်ငန်းစဉ်မှာ မလိုအပ်ဘဲ နှောင့်နှေးကြန့်ကြာနေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါသည်များမှာ အန္တရာယ်များသည့် အခြေအနေနှင့် ဆက်လက်ကြုံတွေ့နေရဆဲဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ



## အီရတ်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ ကိုးဦးသေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၃**

အီရတ်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးနစ်မြုပ်မှုဖြစ်ပွားသဖြင့် ကိုးဦးသေဆုံးကာ အများအပြားဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာမီဒီယာက ဒီဇင်ဘာ ၁၂ ရက်က ထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၉ ရက်နှင့် ၁၁ ရက်အတွင်း ရေကြီးနစ်မြုပ်မှုနှင့် ရာသီဥတုဆိုးရွားမှုကြောင့် သေဆုံးသူအရေအတွက် ခြောက်ဦးရှိပြီး ဒဏ်ရာရရှိသူ နှစ်ဦးရှိကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရင်းမြစ်တစ်ခုက တရားဝင်အီရတ်သတင်းအေဂျင်စီသို့ ပြောကြားသည်။

ကာကွတ်ပြည်နယ်၌ ရေကြီးမှုကြောင့် သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရရှိသူ တစ်ဦးရှိကြောင်း၊ ဒယ်ကာပြည်နယ်၌ သေဆုံးသူနှစ်ဦးရှိပြီး ဝါဆစ်နှင့် ဒီဝါနီယာပြည်နယ်တို့တွင် တစ်ဦးသေဆုံးပြီး နာဂျက်ဖ်ပြည်နယ်၌ တစ်ဦးဒဏ်ရာရရှိကြောင်း ထုတ်ပြန်ထားသည်။

အလားတူ အီရတ်နိုင်ငံ ကာဒစ်စတန်ဒေသ၊ ဆူလေမန်နီယာပြည်နယ်တို့တွင် ရေကြီးမှုကြောင့် သုံးဦးသေဆုံးကြောင်း ကာ့ဒ်မီဒီယာကွန်ရက် Rudaw က ပြောကြားသည်။

ဆင်ဟွာ

## ယခုနှစ် တုပ်ကွေးရာသီအတွင်း အမေရိကန်၌ တုပ်ကွေးဖြစ်ပွားသူ ၂ ဒသမ ၉ သန်းရှိ

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၁၃**

အမေရိကန်ပြည်ထောင်စု၌ ယခုနှစ်တုပ်ကွေးရာသီအတွင်း တုပ်ကွေးဖြစ်ပွားသူ ၂ ဒသမ ၉ သန်း ရှိပြီး ဆေးရုံတက်ရောက် ကုသမှုခံယူရသူ ၃၀၀၀၀ ရှိကာ သေဆုံးသူ ၁၂၀၀ ရှိသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) က ဒီဇင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ နိုင်ငံအတွင်း နေရာအများစုတွင် ရာသီတုပ်ကွေးဖြစ်ပွားမှု ဆက်လက်မြင့်တက်လာဖွယ်ရှိသည်ဟု စီဒီစီက ပြောသည်။

H3N2 ဗိုင်းရပ်စ်သည် ယခုရာသီတွင် အဓိကဖြစ်နေသော ဗိုင်းရပ်စ်မျိုးကွဲဖြစ်သည်။ ဒီဇင်ဘာ ပထမပတ်အတွင်းတုပ်ကွေးရောဂါကြောင့် ပထမဆုံး ကလေးသေဆုံးမှုဖြစ်ပွားခဲ့သည်။ ထို့ကြောင့် စီဒီစီက အသက် ခြောက်လနှင့်အထက် ကာကွယ်ဆေး မထိုးရသေးသည့် ကလေးငယ်များ တုပ်ကွေးကာကွယ်ဆေးထိုးရန် တိုက်တွန်းထားသည်။

ဆင်ဟွာ

## တပ်ကုန်းမြို့နယ်အတွင်း ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေး

**တပ်ကုန်း ဒီဇင်ဘာ ၁၃**

နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာတွင် ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက်က အဆိုပါကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)ခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဖူးစားပြောင်းဈေးကွက်နှင့် စိုက်ပျိုးနည်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်ကိစ္စများ၊ အစေ့ထုတ်ပြောင်းနှင့် ဈေးကွက်အလားအလာများ၊ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ရွှေးစုကျေးရွာအုပ်စု တောင်သူများ စိုက်ပျိုးထားသည့် ပန်းဂေါ်ဖီစိုက်ခင်း၊ ကုလားပဲစိုက်ခင်း၊ ဖူးစားပြောင်းစိုက်ခင်းများကို ကြည့်ရှုအားပေးပြီး ဗိုလ်မင်းရောင်ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေး တိုးချဲ့(၈)လမ်းတွင် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် အောင်ဇေယျရပ်ကွက် ကုန်စည်ဒိုင်အသင်းရုံးတွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးကာ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**တင်စိုးလွင်(ပြန်/ဆက်)**



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်စေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ဒီဇင်ဘာ ၁၂ ရက်က မော်လမြိုင်ကျွန်းမြို့နယ် မဟာဗန္ဓုလ (၁၁)လမ်းထိပ်တွင် “ဒို့အတူတူမဲပေးကြမယ်”မြေစိုက်ပိုစတာ စိုက်ထူပြီး လူစည်ကားရာနေရာများ၌ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ ရဲကိုမောင်(ပြန်/ဆက်)



ညောင်လေးပင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့်များ မဆုံးရှုံးစေရေး ရွေးကောက်ပွဲအသိပညာပေး မြေစိုက်ပိုစတာကို ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ဒီဇင်ဘာ ၁၂ ရက်က ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေး၌ စိုက်ထူစဉ်။ နီနီဝင်း(ပြန်/ဆက်)

## မိုင်းဖြတ်မြို့နယ်၌ ဆောင်းသီးနှံမျိုးစေ့များပေးအပ်

**မိုင်းဖြတ် ဒီဇင်ဘာ ၁၃**

မိုင်းဖြတ်မြို့နယ်၌ မျိုးစေ့များ(အခမဲ့)ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ပေးအပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားများပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွဋ်လွင်က သီးနှံများပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သီးနှံစိုက်ပျိုးနည်းစနစ်များကို ပညာပေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့် တာဝန်ရှိသူများက မိုင်းဖြတ်အုပ်စု၊ နမ့်ကုန်းအုပ်စု၊ တောညအုပ်စုတို့မှ တောင်သူ ၃၃ ဦးအတွက် ပဲပုပ် ၃၂ တင်း၊ မြေပဲ ၁၆ တင်း၊ နေကြာ ၁၅



ကီလိုနှင့် အာလူးတို့ကို တောင်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ နွေစပါးမျိုးစေ့ချကိရိယာဖြင့် နွေစပါးလက်တွေ့စိုက်ပျိုးပြသ

**ထန်းတပင် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ နွေစပါး မျိုးစေ့ချကိရိယာဖြင့် နွေစပါး လက်တွေ့



စိုက်ပျိုးပြသခြင်းနှင့် တောင်သူပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက်က လမုတန်းကြီးကျေးရွာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် ရွှေဇာခြည်ဘိုကလေးကုမ္ပဏီမှ ဦးသောင်းဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကိုက စိုက်ပျိုးနည်းစနစ် မှန်ကန်ရေးနှင့် စပါးတစ်ဧက အထွက်နှုန်းတိုးပွားရေးတို့ကို အသိပညာပေး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက New-10 မျိုးစပါးကို နွေစပါးမျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးပြသကြသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



တီးတိန်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အသိပညာပေး “ဒို့အတူတူမဲပေးကြမယ်” မြေစိုက်ပိုစတာ စိုက်ထူခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် ဌာနဆိုင်ရာများက ဒီဇင်ဘာ ၁၁ ရက်တွင် လူစည်ကားရာနေရာများ၌ စိုက်ထူစဉ်။ မြို့နယ်(ပြန်/ဆက်)

## ဒေးဒရဲမြို့နယ်၌ လူငယ်ရေးရာ ဟောပြော

**ဒေးဒရဲ ဒီဇင်ဘာ ၁၃**

ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၉ ရက်က ဇီးဖြူချောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား ကျောင်းသူ လူငယ်များ ဗလငါးတန်ပြည့်စုံ၍ အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး လူငယ်နှင့် စာပေ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကာ ကျောင်းသား ကျောင်းသူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေဇာလင်း**



ဒိုက်ဦးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန် ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များကို တာဝန်ရှိသူများက ဒီဇင်ဘာ ၁၂ ရက်တွင် မြို့သစ်ဈေး၌ ဖြန့်ဝေပေးစဉ်။ မြို့နယ်(ပြန်/ဆက်)




မိုင်းဆတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူတစ်ရပ်လုံး ပါဝင်မဲပေးနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီထွေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၂ရက်က “ဒို့အတူတူမဲပေးကြမယ်”ရွေးကောက်ပွဲအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းကို ပြည်သူ့ဆေးရုံရှေ့လမ်းဆုံ၌ စိုက်ထူစဉ်။ ယဉ်ယဉ်ဝင်း(ပြန်/ဆက်)



သထုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး ပါဝင်ဆန္ဒမဲပေးနိုင်ရေး “ဒို့အတူတူမဲပေးကြမယ်” လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ဒီဇင်ဘာ ၁၀ ရက်က ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်၌ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## လယ်ဝေးမြို့နယ်၌ ဝိနည်းခိုရ်ဆင့်ပွားသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အေလာ သရက်တောပရိယတ္တိစာသင်တိုက်၌ ဒီဇင်ဘာ ၁၀ ရက်က မြို့နယ်လုံးဆိုင်ရာ ဝိနည်းခိုရ်ဆင့်ပွားသင်တန်း ဖွင့်လှစ်ရာ နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးတက်ရောက်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါဝိနည်းခိုရ်သင်တန်းတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ သရက်တောကျောင်းတိုက်ပဓာန နာယကဆရာတော်ဘဒ္ဒန္တကုမာရနှင့် ဆရာတော်နှစ်ပါးက သင်တန်းနည်းပြများအဖြစ် မြို့နယ်အတွင်းရှိသံဃာ ၁၆၂ ပါးအား သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းကာလမှာ ဒီဇင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိဖြစ်ကြောင်း သိရသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် ကြောင်ရေ KC တွင် ကြောင်ရေ၊ ပြောင်ခေါင်းကြီး၊ သပြေပင်၊ နောင်ဘို၊ ရှားချောင်းကျေးရွာအုပ်စုတို့မှ တောင်သူများနှင့် တွေ့ဆုံ၍ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆောင်းသီးနှံနှင့် နွေသီးနှံများကို အချိန်မီစိုက်ပျိုးနိုင်ရေး၊ မျိုးကောင်း၊ မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက တောင်သူများအား ပဲတီစိမ်းမျိုးစေ့များ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လျှော်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် သဲကောကြီးကျေးရွာအနီးရှိ မဒန်းရေသောက်စနစ်၊ လက်တံခွဲ(၅) ရေပေးမြောင်း၊ အရှည် ပေ ၃၈၀ ပြုပြင်နေမှုကို လည်းကောင်း၊ ပိတောက်ချောင်ကျေးရွာအုပ်စု ကွမ်းခြံကျေးရွာအနီးရှိပေါင်းလောင်းလက်ယာမြောင်းမကြီး လက်တံမြောင်း(၅) အရှည်ပေ ၂၀၀ ပြုပြင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်(ပြန်/ဆက်)



ရွှေကျင်မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များက ဒီဇင်ဘာ ၁၁ ရက်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူအားလုံးပါဝင်နိုင်ရေးအတွက် "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များကို လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ ထွန်းထွန်းဇော်(ပြန်/ဆက်)

## မိုင်းခတ်မြို့၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းက စာဖတ်ဝိုင်းပြုလုပ်

**မိုင်းခတ် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းတို့ ပူးပေါင်း၍ စာဖတ်ဝိုင်းကို ဒီဇင်ဘာ ၁၁ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အကြောင်းနှင့် စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများ အကြောင်း ရှင်းလင်းပြောကြားပြီး Women Club အသင်းမှ ဥက္ကဋ္ဌ ဒေါ်နော်ဝါဝါမောင်က စာဖတ်ဝိုင်း ပြုလုပ်ဆွေးနွေးမည့် စာအုပ်ပါ အချက်အလက်များကို ဆွေးနွေး



ပြောကြားသည်။

ထို့နောက် စာရေးဆရာမ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ရေးသားသည့် "အတွေးမှန်ကူကွက်များ"စာအုပ်ကို စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ရာ စာအုပ်စာစောင်ချစ်မြတ်နိုးသူအမျိုးသမီးများအသင်း(Women Club)မှ အဖွဲ့ဝင်များက အသက်မွေးတတ်ဖို့က အရေးကြီးပါတယ်၊ နှုတ်သံချိုမြ ပီသစေချင်၊ စိတ်လည်း ချမ်းသာကိုယ်ကျန်းမာဖို့ စသည့် ခေါင်းစဉ်ပါ အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နန်းနွယ်နီ(ပြန်/ဆက်)



မြောင်းမြမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိရေးအတွက် မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ပူးပေါင်း၍ ဒီဇင်ဘာ ၁၁ ရက်က "ဒို့အတူတူ မဲပေးကြမယ်" လက်ကမ်းစာစောင်များ ပေးဝေစဉ်။ အောင်မင်း(မြောင်းမြ)

## ညောင်ရွှေမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြော

**ညောင်ရွှေ ဒီဇင်ဘာ ၁၃**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲကို ဒီဇင်ဘာ ၁၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



ညောင်ရွှေမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က လွတ်လပ်ရေးဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် လွတ်လပ်ရေးနေ့ဦးတည်ချက်များ၊ လွတ်လပ်ရေးထိန်းသိမ်းစောင့်ရှောက်မှုနှင့် အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် မှတ်ဉာဏ်စွမ်းရည်ပြိုင်ပွဲပြုလုပ်ခဲ့ပြီး ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။ အလားတူ ကလေးစာဖတ်ခန်း၌ စက္ကူခေါက်ခြင်း၊ ပုံပြင်ပြောခြင်းများကို ဆောင်ရွက်ခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ စိုင်းအယ်ဘဲ



ချောင်းဆုံမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေးအတွက် ဒီဇင်ဘာ ၁၀ ရက်က မြို့အဝင်သံလွင်တံတား(ချောင်းဆုံ) တံတားရဲကင်းရှေ့နှင့် လူစည်ကားရာနေရာများ၌ ဒို့အတူတူမဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ ကိုကျော်(ချောင်းဆုံ)

## ကဝမြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ

**ကဝ ဒီဇင်ဘာ ၁၃**

ကဝမြို့နယ်၌ အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် ဘုရားကလေးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအတွင်း ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးရဲထွန်းနှင့် ကော်မရှင်ဦးစီးအရာရှိ ဦးအောင်ကျော်တို့က ရွေးကောက်ပွဲကျင်းပမည့်ပုံစံ၊ အီလက်ထရောနစ်မဲပေးစက်အကြောင်း သိကောင်းစရာများ၊ မဲပေးခြင်းနှင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်း



ပြောကြားသည်။ ထို့နောက် မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြပြီး "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ရဲဇော်ဟိန်း(ပြန်/ဆက်)



ကျောက်ကြီးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးဝန်ထမ်းများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်နံရံကပ်ဘုတ်၌ ဒီဇင်ဘာ ၁၁ ရက်က "ဒို့အတူတူမဲပေးကြမယ်" ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ဗီနိုင်းပိုစတာများဖြင့် ပြသအသိပေးခြင်း ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့“ဒို့အတူတူမဲပေးကြမယ်” ရွေးကောက်ပွဲ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၁၂ ရက်က တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့ မီးပွိုင့်အနီး၌ ဆောင်ရွက်စဉ်။ စိုင်းသန်းကျော်(တောင်ကြီး)



ညောင်ဦးမြို့နယ် ပုဂံမြို့သစ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး မဲရုံများ ဖွင့်လှစ်ဆောင်ရွက်မည့် နေရာများနှင့် မဲရုံပတ်ဝန်းကျင်ရှိ လူနေအိမ်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၁၂ ရက်တွင် ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးစဉ်။ ရဲဝင်းနိုင်(ညောင်ဦး)

## အလုံမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက် Installation ပြုလုပ်ခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်

**အလုံ ဒီဇင်ဘာ ၁၃**

အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်



ခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်က အီလက်ထရောနစ်မဲပေးစက်များ ထုတ်ယူခြင်း၊ Installation ပြုလုပ်ခြင်း၊ စက်စမ်းသပ်ခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်သည်။

ထိုကဲ့သို့ဆောင်ရွက်နေမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း(ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ)၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဒေါ်ဖြူဖြူဥ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ယောရော(ပြန်/ဆက်)**



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး “ဒို့အတူတူမဲပေးကြမယ်” အသိပညာပေး လက်ကမ်းစာစောင်ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၂ ရက်တွင် ကလောမြို့နယ်အတွင်း လူစည်ကားသည့်နေရာများ၌ ပြုလုပ်စဉ်။ နန်းဗွေခမ်း

## တနိုင်းမြို့၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသ

**တနိုင်း ဒီဇင်ဘာ ၁၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး တနိုင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ အခြေခံပညာကျောင်းများ၌ ရွေးကောက်ပွဲတွင် အသုံးပြုသွားမည့် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်က မကောကျေးရွာအုပ်စု မူလွန်-တန်လပ် စာသင်ကျောင်း၌ ကွင်းဆင်း ဆောင်ရွက်သည်။



ထိုသို့အသိပညာပေးကွင်းဆင်း ဆောင်ရွက်ခြင်းကို ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းလုပ်ငန်းအကြောင်း သိကောင်းစရာများကို အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**နေလင်းထူး(ပြန်/ဆက်)**



ပုလောမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇင်ထိုက်၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၀ ရက်တွင် ပုလောမြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးစဉ်။ အေးအေးမော်(ပုလော)

## ခိုလမ်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြော

**ခိုလမ် ဒီဇင်ဘာ ၁၃**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဒီဇင်ဘာ ၁၂ ရက်က ခိုလမ်မြို့



အခြေခံပညာ အထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်စိန်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ခင်မေဦးက လွတ်လပ်ရေးကြိုးပမ်းမှုနှစ်ကာလ သမိုင်းပုံရိပ်များကိုဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့မှ ကျောင်းသားကျောင်းသူများဖြင့် သမိုင်းပုံရိပ်များ ဆွေးနွေးရာ ဆွေးနွေးမှုကဏ္ဍတွင် ပါဝင်မှုအကောင်းဆုံး ဆုရရှိသည့် ကျောင်းသူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုခဲ့သည်။

**ကျော်ဇင်(ပြန်/ဆက်)**



ကျောက်မဲမြို့နယ်၌ “ဒို့အတူတူမဲပေးကြမယ်”အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဌာနဆိုင်ရာများပူးပေါင်း၍ ဒီဇင်ဘာ ၁၂ ရက်က လူစည်ကားရာနေရာဖြစ်သည့် ကျောက်မဲမြို့ ဗဟိုဈေးကြီးနှင့် ညဈေးတို့၌ ဖြန့်ဝေပေးစဉ်။ ခရိုင်(ပြန်/ဆက်)

## တပ်ကုန်းမြို့နယ်၌ အနော်ရထာရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**တပ်ကုန်း ဒီဇင်ဘာ ၁၃**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် အနော်ရထာရပ်ကွက် အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က အဆိုပါ ရပ်ကွက်(နောင်သင်္ဘေါ) အလယ်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲကို မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်လင်းထွန်းတို့က ကြီးကြပ်၍ ပြိုင်ပွဲတွင် အနော်ရထာရပ်ကွက်မှ ဘောလုံးအားကစားသမားများ ပါဝင်သည့် အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ပြီး ကွင်းဖွင့်ပွဲတွင် အနော်ရထာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်က ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလားပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် အားကစားသမားအချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် အသင်းဆုရရှိအောင် ကြိုးစားယှဉ်ပြိုင်ကစားကြရေး ရှင်းလင်းမှာကြားပြီး Golden brother (FC)အသင်းနှင့် T .L .G (FC) အသင်းတို့ကွင်းဖွင့်ယှဉ်ပြိုင်ကစားခဲ့ကြသည်။



**တင်စိုးလွင်(ပြန်/ဆက်)**




နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Indoor Stadium ၌ ဒီဇင်ဘာ ၁၂ ရက်က နေပြည်တော် မီးသတ်ဦးစီးမှူးရုံးအပါအဝင် ခရိုင်၊ မြို့နယ်၊ နယ်မြေ မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ယာဉ် ၃၅ စီးဖြင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်စဉ်။ နီလာ(ပြန်/ဆက်)

# နိုင်ငံတစ်ဝန်း မြို့နယ်များ၌ ဒီဇင်ဘာအားကစားလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပမှုမြင်ကွင်းများ

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် ဒီဇင်ဘာလူထုအားကစားလအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာပထမပတ်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က ဒုတိယပတ်အဖြစ် စုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို နိုင်ငံတစ်ဝန်းရှိ အမြို့မြို့အနယ်နယ်၌ ကျင်းပလျက်ရှိသည်-


မင်္ဂလာတောင်ညွန့်မြို့နယ်
မြတ်မြတ်အေး(ပြန်/ဆက်)


လမ်းမတော်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ထန်းတပင်မြို့
ဇင်မင်းထိုက်(ထန်းတပင်)


အောင်လံမြို့
အာကာ(ပြန်/ဆက်)


သရက်မြို့
ခရိုင်(ပြန်/ဆက်)


သာယာဝတီမြို့
ခရိုင်(ပြန်/ဆက်)


မိုးညှင်းမြို့နယ်
ကိုမင်း(ပြန်/ဆက်)


ဥတ္တရသီရိမြို့နယ်
အောင်မျိုးဝင်း(ပြန်/ဆက်)


မိုင်းဖြတ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


အလုံမြို့နယ်
ယောရော(ပြန်/ဆက်)


ကျွန်းလှမြို့နယ်
မျိုးဝင်းညို(ကျွန်းလှ)


မော်လမြိုင်ကျွန်းမြို့နယ်
ရဲကိုအောင်(ပြန်/ဆက်)


ပေါ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဆီဆိုင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ပြည်မြို့
ကိုဆက်(ပြန်/ဆက်)


ဒလမြို့နယ်
ခင်စန္ဒာမြင့်(ပြန်/ဆက်)


မက်မန်းမြို့နယ်
ခရိုင်(ပြန်/ဆက်)

## မြန်မာ့သမဝါယမစတင်ခြင်း ၁၂၂ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

"လူမှုစီးပွားဘဝမြင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"

## ပြည်တွင်းဆီစက်များ ဒီဇင်ဘာဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ရန်ကုန်မြို့တွင် နှစ်စနေရာခွဲ၍ ဒီဇင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ ၄ ရက် ကြာရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/ စက်မှုအသင်းချုပ် (UMFCCI ) ရုံးရှေ့နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ရန်ကင်းဈေးမှတ်တိုင်အနီးတို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လွတ်လပ်စွာ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဝင် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ဆီစက်လုပ်ငန်းရှင် ၁၅ ဦးတို့က မြေပဲဆီ တစ်ပိသာလျှင် ငွေကျပ် ၁၆၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းဆီတစ်ပိသာလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့်လည်းကောင်း အသင့်ထည့်သွင်းထုပ်ပိုးထားသည့် ဆီဘူးများဖြင့် အရွယ်အစားအစုံရောင်းချမည်ဖြစ်ပြီး ပြင်ပဈေးကွက်တွင် မြေပဲဆီတစ်ပိသာလျှင် ငွေကျပ် ၂၀၀၀၀ ဝန်းကျင်ဈေးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက တစ်နှစ်လျှင် သုံးကြိမ်ဈေးရောင်းပွဲတော်ကို ပြုလုပ်လျက်ရှိသည်။ **မျိုးမင်းသူရ**

## ပြည်ကြီးတံခွန်မြို့နယ်လူမှုဖူလုံရေးရုံး၌ အာမခံအလုပ်သမားများအား အကျိုးခံစားခွင့်များထုတ်ပေး

**မန္တလေး ဒီဇင်ဘာ ၁၃**

ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံ အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်က ရွှေထွန်းကုမ္ပဏီ၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေထွန်းကုမ္ပဏီမှ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား ဦးဝင်းညွန့်၏ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် အဆ ၃၀ အတွက်ငွေကျပ် ၄၃၂၀၀၀၀ ကို သမီးဖြစ်သူ ဒေါ်တင်ဇာဝင်းအား လည်းကောင်း၊ ကျောက်တောင် ဆေးဖျန်းပုံးမှ အာမခံအလုပ်သမားဒေါ်စန္ဒာမိုး၏ အမြဲတမ်းမသန်စွမ်းမှု လုပ်အားဆုံးရှုံးမှု ၄၀ ရာခိုင်နှုန်းအတွက် ခွင့်ပြုငွေကျပ် ၃၃၈၆၈၈၀၊ Hi Tech Co;ltd မှ အာမခံအလုပ်သမား ဦးညိုကြည်၏ ဆေးဖိုးခွင့်ပြုငွေ ၇၆၅၅၇၀၈ ကျပ်၊ ရင်မဟာကုမ္ပဏီမှ အာမခံအလုပ်သမား ဦးဟိန်းထက်ဇော်၏ ဆေးဖိုးခွင့်ပြုငွေကျပ် ၃၄၈၅၇၂၀ နှင့် မင်းသားကြီးဟိုတယ်မှ အာမခံအလုပ်သမားဒေါ်ခင်သောင်းသောင်းဌေး၏ ဆေးဖိုးငွေ ၁၉၆၁၂၀၄ ကျပ် စုစုပေါင်း ခွင့်ပြုငွေ ၂၀၈၀၉၅၁၂ ကျပ်အား အာမခံအလုပ်သမားများ လက်ဝယ်သို့ အလုပ်ဌာန တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဘုန်းမြတ်**



## မြစ်သားမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေး ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြစ်သား ဒီဇင်ဘာ ၁၃**



ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ခရိုင်/မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများသည် ယနေ့ မွန်းလွဲပိုင်းက မြစ်သားမြို့နယ် အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေ ပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ခရုတုတ်-လက်ပံပင်-ကျားမီးဆွဲ-ကလုံလမ်း ပျက်စီးနေမှုကို (၀.၈၀၅ ကီလိုမီတာx ၄.၅၇ မီတာx ၁၀၀ မီလီမီတာ) မြေသား တာပေါင် ပြုပြင်ခြင်းနှင့် ကျောက်ရော မြေခင်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ခရုတုတ်-လက်ပံပင်-ကျားမီးဆွဲ - ကလုံလမ်းသည် ကျေးရွာ ခြောက်ရွာ၊ အိမ်ခြေ ၅၂၉ အိမ်၊ လူဦးရေ ၂၉၄၇ ဦး အသုံးပြုသွားလာနေသည့် လမ်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## အင်းစိန်မြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်

**အင်းစိန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းသို့ ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်လျက်ရှိကြောင်း သိရသည်။

ပေးအပ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအား တစ်ဦးလျှင် ငွေကျပ်ခြောက်သောင်းပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အင်းစိန်မြို့နယ်အတွင်းသို့ ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူ ၁၇၁၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်း (ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ) သုံးလစာအတွက် တစ်ဦးလျှင် ငွေကျပ်ခြောက်သောင်း စုစုပေါင်း ငွေကျပ် ၁၀၂၉၀၀၀၀၀ ကို ဌာနဆိုင်ရာများပါဝင်သော အဖွဲ့သုံးဖွဲ့ဖြင့် ပြည်သူများလက်ဝယ်အရောက် ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**



## တောင်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဟောပြော

**တောင်ကြီး ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဟိုတယ်၊တည်းခိုခန်း၊ စားသောက်ဆိုင်လုပ်ငန်းများအနေဖြင့် အခွန်အမှတ်တံဆိပ်ကပ်နိုင်နိုင်ရေးအတွက် အခွန်ဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့က တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၄)၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦးက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေရရှိရေးကို တည်ဆဲဥပဒေများနှင့်အညီ စည်းကြပ်ကောက်ခံရမည်ဖြစ်သည့်အတွက် အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်း အခွန်



ပေးဆောင်မှု လုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်၌ အများပြည်သူ၏ ဘာသာရေးယုံကြည်မှုစိတ်ကို စော်ကားရန်၊ သာသနာအား ညှိုးနွမ်းစေရန်နှင့် အမြင်မတင့်တယ်စေရန်ပြုလုပ်ခဲ့သူ အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ဒီဇင်ဘာ ၁၁ ရက်က သာသနာအား ညှိုးနွမ်းစေရန်နှင့် အများပြည်သူ အမြင်မတင့်တယ်စေရန် ပြုလုပ်ခဲ့သူ အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာ၌ ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ "**အောင်စိုးမင်း**" ဂီတပဒေသာဆိုင်းအဖွဲ့က တီးခတ်ကပြဖျော်ဖြေခဲ့ရာ ဒီဇင်ဘာ ၆ ရက်ည တီးမှုတ်ကပြဖျော်ဖြေမှုတွင် ကြာနီကန်ဆရာတော်၏ အနန္တငါးပါး ရှိခိုးမှုနှင့် ကိုရီးယားဂန်းနန်းစတိုင်သီချင်းတီးလုံးတို့ကို ပေါင်းစပ်သရုပ်ဖော်၍ ဆိုင်းဆရာအဖြစ် စိုးသိန်း (ခ)အောင်စိုးမင်းက တီးခတ်ခဲ့ပြီး လူရွှင်တော်ဖြစ်သူ စိုးမင်းဦးက သင်္ကန်းဝတ်ဆင်သရုပ်ဖော်ပြီးကိုရီးယားသီချင်းတီးလုံးဖြင့် သင်္ကန်းအားချွတ်ကာ အများပြည်သူ အမြင်မတင့်တယ်သည့် ညစ်ညမ်းသောအပြုအမူဖြင့် အင်္ကျီမပါ ပုဆိုးခါးတောင်းကျိုက်ပြီး သရုပ်ပျက် ကပြရာတွင် ထက်လင်းဦး (ခ) မျက်ပြူး၊ ကိုဖြိုး(ခ)ဝေဖြိုးထက်နှင့် နန်းဝတီတို့က ပါဝင်သရုပ်ဖော် ကပြခဲ့ကြကြောင်း သိရှိရသဖြင့် ပြစ်မှုကျူးလွန်သူများအား အရေးယူနိုင်ရေးအတွက် တောင်ညို နယ်မြေရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၂၉၄/ ၂၉၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်နေသူများ ဖြစ်ကြသည့် "**အောင်စိုးမင်း**" ဂီတပဒေသာဆိုင်းအဖွဲ့မှ ဆိုင်းဆရာဖြစ်သူ စိုးသိန်း(ခ)အောင်စိုးမင်း (၅၈)နှစ်၊ သင်္ကန်းဝတ်ဆင်၍ သရုပ်ပျက်ကပြခဲ့သည့် လူရွှင်တော်ဖြစ်သူ စိုးမင်းဦး(၄၂)နှစ်၊ ပါဝင်ကပြဖျော်ဖြေခဲ့သူ နန်းဝတီ(၁၆)နှစ်၊ ကျွဲရှင်းကျေးရွာနေ ကိုဖြိုး(ခ)ဝေဖြိုးထက်(၃၉)နှစ်တို့ လေးဦးတို့ကို ယင်းနေ့ည ၁၀ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာနေ ထက်လင်းဦး(ခ) မျက်ပြူး(၂၈)နှစ်အား ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ၎င်းတို့၏နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ အများပြည်သူ၏ ဘာသာရေးယုံကြည်မှုစိတ်ကို စော်ကားရန်၊ သာသနာအားညှိုးနွမ်းစေရန်နှင့် အများပြည်သူ အမြင်မတင့်တယ်စေရန် တီးမှုတ်ကပြဖျော်ဖြေခဲ့သူများဖြစ်သည့် စိုးသိန်း(ခ)အောင်စိုးမင်း ပါငါးဦးတို့အားတရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## VITAXTRONG / BAAM/ FIT ANGEL PROTEIN & SUPPLEMENT

# ကုန်အမှတ်တံဆိပ် အမှတ်အသားများအား တစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ အမှတ် (၁၇)၊ The Atrium Condominium, Relax Floor တွင်တည်ရှိသော VX Supplement Company Limited၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်- (104696279)နှင့် Fit Whey Myanmar Company Limited၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်- (140918997) များသည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များအား၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ် (၁၂၈၈၇/၂၀၁၆)၊ (၁၀၀၈၇/၂၀၂၃) နှင့် (၁၁၄၆၂/၂၀၂၃) တို့ဖြင့် တရားဝင်မှတ်ပုံတင်ထားရှိပြီး ဖြစ်သကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင်လည်း မူပိုင်ခွင့်လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number _ T/2024/005105၊ T/2024/005106 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏မူပိုင်ရှင်ဖြစ်ပါသည်-

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ “PROTEIN & SUPPLEMENT အမျိုးမျိုး”တို့ကို ထိုင်းနိုင်ငံရှိ FIT WHEY CO.,LTD ထံမှ မြန်မာပြည်၏ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်း/ဖြန့်ဖြူးခွင့် ရရှိထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးခွင့်ပြုချက် (FDA) လက်မှတ်ရရှိထားသော ပစ္စည်းများကိုသာ တရားဝင်မှာယူတင်သွင်း၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချခွင့်ရရှိထားခြင်းဖြစ်ပြီး ထိုသို့ ဖြန့်ချိရောင်းချခဲ့ရာတွင်လည်းကောင်းသော ဂုဏ်သတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

ထို့အပြင် ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ထည့်သွင်း၊ ထုတ်ပိုးပစ္စည်းများဖြစ်သည့် ဖန်ပုလင်း၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုတ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုတ်ပိုးပစ္စည်းအမျိုးမျိုး အစရှိသည်တို့အပေါ်တွင် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး တို့တွင် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်လျက် အသုံးပြုဆောင်ရွက်နေခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများနှင့်ပတ်သက်၍ ကုမ္ပဏီမှ တရားဝင်ရောင်းချခွင့် ကိုယ်စားလှယ် ပေးအပ်ထားသူများမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မှ သော်လည်းကောင်း၊ အခြားအသင်းအဖွဲ့/အဖွဲ့အစည်းများ၊ ကုမ္ပဏီများမှသော်လည်းကောင်း အထက်ပါကုန်အမှတ်တံဆိပ်များကို တရားမဝင်တင်သွင်း၍ ရောင်းချခြင်းဖြစ်စေ၊ အရည်အသွေးညံ့ကုန်ပစ္စည်းများဖြင့် တုပ၍ဖြန့်ဖြူးရောင်းချခြင်းဖြစ်စေ၊ ပုံစံတူဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မည်သည့်ပုံစံဖြင့်မဆို မှိုင်းမြင်တုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားအတုအပပြုလုပ်၍ “PROTEIN & SUPPLEMENT အမျိုးမျိုး"တို့ကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့်အသုံးပြုဆောင်ရွက်ခြင်း၊ ကိုယ်ကျိုးအတွက် အရည်အသွေးညံ့သည့် ပုံစံတူကုန်ပစ္စည်းများအား တရားမဝင်တင်သွင်းလျက် အထက်ပါကုန်အမှတ်တံဆိပ်များအား ကပ်နှိပ်ဖြန့်ဖြူးရောင်းချခြင်း၊ ထိုသို့ရောင်းချရာတွင် မရိုးမဖြောင့်သောသဘောဖြင့် အတုအပ ပစ္စည်းများအား ကာလတန်ဖိုးလျှော့နည်းစွာဖြင့် ဖြန့်ဖြူးရောင်းချခြင်းများ၊ ရုံးဌာနများသို့ တင်ဒါတင်သွင်းရောင်းချခြင်းများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ပြုလုပ်ခဲ့မည်ဆိုပါက ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှု အရပ်ရပ်၏ နစ်နာမှုအဝဝနှင့်စပ်လျဉ်း၍ လျော်ကြေးငွေများတောင်းဆိုခြင်းသော်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် တုပပြုလုပ်ထားသော ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို ပယ်ဖျက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားမဝင်တင်သွင်းမှုများကိုလည်း ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးတင်မောင်သိန်း(စဉ်-၅၃၃၈)** | **ဒေါ်ယဉ်ယဉ်အောင်(စဉ်-၁၀၃၈၃)** | **ဒေါ်ခိုင်ဇာသွယ် (စဉ်-၁၉၈၉၉)** |
| **B.A, RL, D.B.L, D.I.L** | **LL.B, D.B.L, D.I.L, D.M.L** | **LL.B, D.B.L** |

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း - ၀၉-၅၀၇၆၁၅၈၊ ၀၉- ၄၃၀၆၄၆၄၇၊ ၀၉-၇၉၆၂၁၉၆၀၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ပင်ရပ်ကွက်၊ ဇန်းမော်မြို့နေ မယွန်းရတနာထွန်း ၁/ဗမန(နိုင်)၁၂၆၈၈၁ ၏ ဖခင် ဦးထွန်းထွန်း (ခ) ဦးထွန်းထွန်းဝင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းထွန်း (ခ) ဦးထွန်းထွန်းဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပူတာအိုမြို့နယ်၊ မန်ပန်ရွာနေ စွဲ့ခမ်းခေါင် ၁/ပတအ (နိုင်) ၀၆၆၈၆၉၏ ဖခင် ဦးတန်ဆိုင် (ခ)ဦးသန်းဆိုင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတန်ဆိုင် (ခ) ဦးသန်းဆိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောင်းကုန်းမြို့နယ်၊ ဘုရားကြီးကုန်းရွာနေ ခိုင်နှင်းဖြူ ၁၄/ကကန (နိုင်) ၀၃၅၅၄၀၏ ဖခင် ဦးဟန်ငြိမ်း (ခ) ဦးဟန်ညိမ်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟန်ငြိမ်း (ခ) ဦးဟန်ညိမ်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သဇင်ကုန်းရွာ၊ ဘိုကလေးမြို့နေ မရွှေနှယ်ထွေး ၁၄/ဘကလ(နိုင်) ၃၇၉၄၂၆ ၏ဖခင် ဦးကြည်တင် (ခ) ဦးကြည်တင့် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြည်တင် (ခ) ဦးကြည်တင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးညှင်းမြို့နယ်၊ ဟဲပါးရွာနေ နဒီမိုး ၁/မညန(နိုင်) ၁၉၀၇၀၃ ၏ ဖခင် ဦးဒေါင်းရွှေ (ခ) ဦးအောင်ရွှေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဒေါင်းရွှေ (ခ) ဦးအောင်ရွှေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကော့မှူးမြို့နယ်၊ နေခင်လုံရွာနေ အိရတနာအောင် ၁၂/ကမန (နိုင်)၁၃၅၀၅၆ ၏ ဖခင် ဦးအောင်ပိုး(ခ)ဦးအောင်မိုး မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်ပိုး (ခ) ဦးအောင်မိုး**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၁၅၀၅)၊ (၁၅)လွှာ၊ စင်ကျူရီစီ ဘလောက်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးနေမျိုးထွေး (၉/မနတ(နိုင်)၁၀၅၂၀၇)၊ ဒေါ်သင်းသင်းခိုင် (၁၂/မရက(နိုင်)၁၃၈၃၁၅)တို့က အပြီးပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးနေမျိုးထွေး၊ ဒေါ်သင်းသင်းခိုင် ဖုန်း-၀၉-၉၈၅၁၅၅၅၁၈**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ခန္တီးခရိုင်၊ ခန္တီးမြို့နယ်မှ ဆင်သေရွာနှင့် ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်မှ နန့်တောကျေးရွာအုပ်စု နောင်ပိုအောင်ကျေးရွာ၊ ပေါက်ပင်ကျေးရွာနှင့် နမ့်စကားကျေးရွာများတွင် ဆိုလာစနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပြီး အများပြည်သူသို့ ဓာတ်အားဖြန့်ဖြူး၍ ဓာတ်အားခကောက်ခံခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်မည့် အစီအစဉ်များဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပြုစုပြီး တင်ဒါလျှောက်လွှာ တင်သွင်းရန်အတွက် (၁၂-၁၂-၂၀၂၅)ရက် မှ (၂၆-၁၂-၂၀၂၅)ရက် အထိ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** -၁၂-၁၂-၂၀၂၅ ရက်မှ ၂၆-၁၂-၂၀၂၅ ရက်အထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၉-၁၂-၂၀၂၅ ရက်၊ (၉:၀၀ နာရီမှ ၁၂:၀၀ နာရီ)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** -တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်းနံပါတ် - ၀၇၁-၂၂၈၁၇/၀၉-၂၅၉၀၇၀၂၂၃**
**E mail- desgg.ese@moep.gov.mm**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟဲလုံအုပ်စု၊ ပျော်ဘွယ်ရွာ၊ မိုးညှင်းမြို့နေ စွဲ့နှိုင်းဟွမ် (ခ) စွဲ့နိုင်းဟွမ်(ခ)စွဲ့နှိုင်းဟွမ်း ၁/မညန(နိုင်) ၂၁၄၆၃၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **စွဲ့နှိုင်းဟွမ် (ခ)**

**စွဲ့နိုင်းဟွမ် (ခ) စွဲ့နှိုင်းဟွမ်း**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၁၂-၂၀၂၅) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)ပါ အထက်တန်းရှေ့နေ ဦးဝင်းသူရဇော် (စဉ်-၄၂၀၆၆) ၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဦးသက်ပိုင်ထွေး** (၁၀/မလမ (နိုင်)၁၈၇၀၁၈) အစား **ဦးသက်ပိုင်ထူး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်မြို့၊ (၁၄) ရပ်ကွက်နေ ယဉ်မျိုးလွင် ၁၄/ပသန(နိုင်) ၃၃၁၅၆၆ ၏ ဖခင် ဦးဆန်းလွင် (ခ) ဦးစန်းလွင်မှာ တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

**ဦးဆန်းလွင် (ခ) ဦးစန်းလွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးညှင်းမြို့နယ်၊ ဟဲပါးရွာနေ နဒီမိုး ၁/မညန(နိုင်)၁၉၀၇၀၃ ၏ မိခင် ဒေါ်မိုးမိုးစန်း (ခ) ဒေါ်မိုးမိုးစမ်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မိုးမိုးစန်း (ခ) ဒေါ်မိုးမိုးစမ်း**

## Managing Director ပြောင်းလဲခန့်အပ်ခြင်း

Welcome Microfinance Myanmar Company Limited (Company registration No 116763478) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် အမှတ် (၀၁၉၁-၂၀၁၅) ၏ Managing Director အဖြစ် ထမ်းဆောင်နေသူ ယခင် Mr. LEE SANGKOOK (pp No. M 992S9367) နေရာတွင် ယခု Mr. KIM SANGSU (pp No. M 651U4732) အား ပြောင်းလဲခန့်အပ်ကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

**Welcome Microfinance Myanmar Limited**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ (ပေါက်တောအကွက်) ဦးပိုင်အမှတ်(၁၅၃)၊ မြေဧရိယာ(၀.၂၅၃)ဧကရှိ မြေနေရာသည် ဖခင်ဖြစ်သူ ဦးတင်လှိုင်အမည်ဖြင့် (၁၁-၇-၁၉၉၄)မှ(၁၀-၇-၂၀၂၄)ရက်အထိ နှစ် (၃၀) မြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ပြီး သမီးဖြစ်သူ ဒေါ်အိရွှေလှိုင်၊ ဒေါ်မိုးမိုးလှိုင်၊ ဒေါ်စိုးစိုးလှိုင်နှင့် သားဖြစ်သူ ဦးသီဟအောင်တို့မှ မြေငှားဂရန် (အမည်ပြောင်း)(သက်တမ်းတိုး)လျှောက်ထားခဲ့ရာ အဆိုပါမြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်(အမည်ပြောင်း)(သက်တမ်းတိုး)လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အဆိုပါမြေကွက်နှင့်ပတ်သက်သည့် တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်သည်အထိ ကန့်ကွက်လာမှုမရှိပါက မြေငှားဂရန် (အမည်ပြောင်း)(သက်တမ်းတိုး)လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၃၅၄) (၅ - ၁၂- ၂၀၁၉)**
**ဖုန်း-၀၉-၇၆၅၁၄၁၅၁၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၄ ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၁၄၄(စီ)၊ (၈)လွှာ၊ ရန်ကုန်အင်းစိန်လမ်းမ၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးသူညီညီအောင် (၁၂/ကမရ(နိုင်)၀၅၄၂၉၆) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ငွေကြေးတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မေသိင်္ဂီလှိုင်(LL.B)** | **ဒေါ်ဇင်မေဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၁၅၇၃၄/၂၀၁၉** | **စဉ်-၃၇၀၄၈/၂၀၁၁** |
| **ဖုန်း-၀၉-၇၉၆၈၃၄၇၃၄** | **ဖုန်း-၀၉-၄၂၁၁၀၁၉၀၅** |

**အမှတ်-၄၇၅၊ ပထမထပ်၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/55162, RATO-110,M/C ယာဉ်လက်ဝယ်ရှိသူ Golden Myanmar Hone Yine Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သရက်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/82371, Honda Wave -100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၇/ပတတ(နိုင်)၁၄၁၀၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/85493, Luojia-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင် ၁၄/မမန(နိုင်) ၀၂၃၀၁၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/13693, Luojia-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းဦး ၁၄/ပသန(နိုင်)၁၇၈၈၄၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ချောက်ခရိုင်၊ ချောက်မြို့၊ အမှတ်(၈)ရပ်ကွက်၊ ကွက်သစ်အနောက်ရပ်၊ အကွက်အမှတ် (၂၅/ရွာသစ်တောင်)၊ ဦးပိုင်အမှတ် (၁၀၅)၊ မြေကွက်အမှတ် (၁၉၂)၊ မြေမျိုးနှင့်အတန်း (မြို့မြေ)၊ ပိုင်ဆိုင်ခွင့်(L)၊ မြေဧရိယာ (၀.၀၅၃)ဧကရှိ မြေကွက်သည် ဦးလှိုင်မင်းဦး-ဒေါ်သိန်းသိန်းစိုး အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံလှသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ချောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဤမြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )
### ရွှေဘိုခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၅ နှင့် ဆက်နွှယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၁

ဒေါ်မာညို(ခ)အမာညို နှင့် ဒေါ်မျိုးမျိုးသန်း(ခ)မျိုးမျိုးသန့်
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ဒေါ်မျိုးမျိုးသန်း(ခ)မျိုးမျိုးသန့်(ဘ)ဦးမြင့်သိန်းထွန်း အမှတ်(၇) ရပ်ကွက်၊ ရွှေဘိုမြို့နေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်မာညို (ခ)အမာညိုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သူအောင်)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )
### ရွှေဘိုခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂ နှင့် ဆက်နွှယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၀

ဒေါ်ရီရီမြင့် နှင့် ၁။ ဦးထွန်းရှိန်
၂။ ဦးသန်းဖေ
၃။ ဒေါ်ခင်မြို့ကြည်
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

ဦးထွန်းရှိန်(ဘ)ဦးသန့်နှင့် ဦးသန်းဖေ(ဘ)ဦးထွန်းဖေ၊ အမှတ်(၆)ရပ်ကွက်၊ ရွှေဘိုမြို့ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ရီရီမြင့် က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

